# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလဆန်း (၇) ရက် ၊ တနင်္လာနေ့ ၊ (27-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၃၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၇၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများကို သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က (၇၈)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ဒုတိယဗိုလ်ချုပ်ကြီးစမစ်ဒွန်း(ငြိမ်း)၏မိသားစုများကို သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၂၆**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပပြုလုပ်မည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများသည်လည်း ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည်။

အဆိုပါ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ယနေ့ညနေပိုင်းတွင် သွားရောက်၍ တွေ့ဆုံဂါရဝပြုနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင်

**စာမျက်နှာ ၁၆ ကော်လံ ၄ ☞**



ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၂၇ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်တာ တပ်မတော်ပါ

ယနေ့သည် ၇၈ နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။ တပ်မတော်သည် နိုင်ငံကို အမြဲမပြတ် စောင့်ကြပ်ပေးနေသည့် အဖွဲ့အစည်းဖြစ်သလို နိုင်ငံအတွက် မရှိမဖြစ်သော အဖွဲ့အစည်းတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် တပ်မတော်ကို ဖွဲ့စည်းထားခြင်းဖြစ်သည်။

တပ်မတော်စွမ်းရည်ပြည့်ဝ၍ ခေတ်မီလေလေ နိုင်ငံသူ၊ နိုင်ငံသားများအတွက် ယုံကြည်စိတ်ချရမှုရှိလေလေ အကျိုးကျေးဇူးရှိလေလေပင်ဖြစ်သည်။ နိုင်ငံအလိုက် ဖွဲ့စည်းတည်ရှိကြသော တပ်မတော်များတွင် အမျိုးအစားအားဖြင့် ကြေးစားတပ်မတော်၊ အမြဲတမ်းတပ်မတော်၊ မျိုးချစ်တပ်မတော်ဟူ၍ သတ်မှတ်ခေါ်ဆိုကြသည့်အထဲတွင် မြန်မာနိုင်ငံ၏ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသော မျိုးချစ်တပ်မတော်ဖြစ်သည်။

မျိုးချစ်တပ်မတော်ပီပီ နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားကို အမြဲမပြတ်ဦးထိပ်ပန်ဆင်ကာ တာဝန်အရပ်ရပ်ကို ကျေပွန်အောင် ထမ်းဆောင်လျက်ရှိသည်မှာ အထင်အရှားဖြစ်သည်။ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေကြသူများကို ကြည့်ပါက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများ၏ သားသမီးများဖြစ်ကြသောကြောင့် ပြည်ထောင်စုတပ်မတော်ဟုလည်း ခေါ်ဆိုရမည်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံကာကွယ်ရေးတာဝန်သာမကဘဲ အရေးကြုံတိုင်း မဆိုင်းမတွ စွန့်လွှတ်စွန့်စားဝံ့သောစိတ်ဓာတ်ဖြင့် နိုင်ငံတည်ဆောက်ရေးတာဝန်အရပ်ရပ်ကို အကြားအလပ်မရှိအောင် ဆောင်ရွက်လာခဲ့သည့် အစဉ်အလာကို သမိုင်းစာမျက်နှာများတွင် မြင်တွေ့နိုင်သည်။ သမိုင်းအကြောင်းကို ပြန်ပြောင်းကြည့်လျှင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် လွတ်လပ်စွာရပ်တည်ခဲ့သော မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရသည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကျော်ဖြတ်၍ ဗမာ့တပ်မတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ရဲဘော်သုံးကျိပ်မှအစပြု၍ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့ကြသည်။

ထို့နောက် ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့အမျိုးသားတပ်မတော်၊ မျိုးချစ်ဗမာ့တပ်မတော်ဟူ၍ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ပြီး နယ်ချဲ့၊ ဖက်ဆစ်တို့ကို ရဲစွမ်းသတ္တိရှိရှိ တွန်းလှန်တိုက်ထုတ်ခဲ့သည်။ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲ၍ စုပေါင်းအားဖြင့် ဖက်ဆစ်တို့ကို ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် တော်လှန်တိုက်ထုတ်ခဲ့သည်။ တပ်နှင့်ပြည်သူ လက်တွဲညီညီဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သော ထိုနေ့ကို မြန်မာ့သမိုင်းမှတ်တိုင်တွင် တပ်မတော်နေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ကာ ရေးထိုးနိုင်ခဲ့သည်။

တပ်မတော်သည် ပြည်သူပြည်သားမိဘများမှ ပေါက်ဖွားလာသူများနှင့်ဖွဲ့စည်းထားသည့် အားလျော်စွာ ပြည်သူတို့အပေါ်တွင် ရေပမာ၊ လပမာ ကျင့်သုံးကာ အေးမြလန်းဆန်းစေရန် ကြိုးပမ်းနေသည်မှာလည်း သတိပြုဖွယ်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံနှင့်ပြည်သူ၊ ပြည်သူနှင့်တပ်မတော် ဘယ်သောအခါမှ ခွဲခြား၍မရသကဲ့သို့ ပြည်သူအပေါင်းတို့ နှလုံးစိတ်ဝမ်းအေးချမ်းမှုနှင့်အတူ ရပ်ရွာလုံခြုံမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ရန် နေ့၊ ညမပြတ် တာဝန်ထမ်းရွက်နေသည့် တပ်မတော်၏ ယနေ့ကျရောက်သော ၇၈ နှစ်မြောက် တပ်မတော်နေ့မှသည် ပြည်သူနှင့်အတူ လက်တွဲကာ နိုင်ငံအကျိုးသယ်ပိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မတ် ၂၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၆၃၈၁၈၆ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေ လာရောက် ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်ရက်တွေ၊ အခါကြီးရက်ကြီးတွေဆိုရင် ဘုရားဖူးတွေပိုပြီးလာရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ နားနေဆောင်မှာလဲ ဝင်ရောက်နားခိုပြီး အပန်းဖြေကြတာကို တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေလဲ ထားရှိပေးထားလို့ ဝင်ရောက်လိမ်းခြယ်ကြသူတွေနဲ့ စည်ကားနေပါတယ်။ အမှတ်တရပစ္စည်းအရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေဠုဝန် ကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၃၃၄၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၆၃၄၀၂၁ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူးဦးရေ ၈၂၀ လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးမြို့တွင်း ဈေးချိုတော်၊ မန္တလေးတောင် စသည့်လမ်းကြောင်းများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ရှိလာ

**မန္တလေး မတ် ၂၆**

မန္တလေးမြို့တွင်း ဈေးချိုတော်၊ မန္တလေးတောင် စသည့်လမ်းကြောင်းများသို့ လိုင်းကားများဖြင့် လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိရှိလာကြောင်း အမှတ် (၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြင့်ငွေက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် ခရီးသွားများ အဆင်ပြေစေရန်အတွက် လိုင်းကားများဖြင့် ပုံမှန်အတိုင်းပြေးဆွဲပေးလျက်ရှိကြောင်း၊ ယခုလက်ရှိတွင် မန္တလေးမြို့တွင်း လမ်းကြောင်းများသို့ အမှတ်(၁)၊ (၂)၊ (၃) လိုင်းကားများဖြင့် ခရီးသည်လိုက်ပါစီးနင်းမှု များပြားလျက်ရှိကြောင်း သိရသည်။

"လာမဲ့ဧပြီလမှာသင်္ကြန်ကာလကို ရောက်ရှိလာတော့မှာဖြစ်တာကြောင့် ပလိပ်၊ မြစ်ငယ်နဲ့အခြားနယ်ဝေးဒေသတွေကနေ အခုလက်ရှိမှာ ဈေးချိုဘက်ကို လိုင်းကားတွေနဲ့ စားသောက်ကုန်တွေ၊ အခြားလိုအပ်တဲ့ အိမ်အသုံးအဆောင်ကုန်ပစ္စည်းတွေကို လာရောက်ဝယ်ယူတဲ့သူတွေ များလာတယ်။ အခြား ကုသိုလ်တော်ဘုရား၊ မန္တလေးတောင် စတဲ့နေရာတွေကိုလဲ ဘုရားဖူးတဲ့ခရီးသည်တွေလိုက်ပါစီးနင်းမှု ပြန်များလာပါတယ်"ဟု ဦးမြင့်ငွေက ပြောပြသည်။

မန္တလေးမြို့တွင်း ဈေးချိုတော်၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့် လမ်းကြောင်းများသို့ အမှတ် (၁)၊ (၂)၊ (၃) လိုင်းကားများဖြင့် လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ မတ်လ ပထမပတ်က တစ်ရက်လျှင်ဦးရေ ၅၀၀ ကျော်သာရှိခဲ့သော်လည်း မတ်လတတိယပတ်မှစ၍ လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၇၀၀ ကျော်ထိရှိလာကြောင်း သိရသည်။ (၁၈၄)

# ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်၌ အရောင်းအဝယ် ပုံမှန်အခြေအနေသာရှိနေ

**မန္တလေး မတ် ၂၆**

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းကွက်၌အရောင်းအဝယ်အနေဖြင့် ပုံမှန်အခြေအနေသာရှိနေကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်၌ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၇၇ ဒေါ်လာဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၂၀၀၄ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၄၁ ဒေါ်လာထိ အနိမ့်ဆုံးကျဆင်း၍ ၁၉၇၈ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲမှာ ကမ္ဘာ့ရွှေဈေးကြောင့် ပြည်တွင်းဈေးတွေလဲ မြင့်တက်ခဲ့ပါတယ်။ လက်ရှိအရောင်းအဝယ်ပိုင်းကတော့ ပုံမှန်အခြေအနေမှာပဲ ရှိပါတယ်" ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

မတ် ၁၉ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၈၆၆ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၈၀၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၂၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

မတ် ၂၅ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာလျှင် ၁၉၇၈ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၂၀၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၉၆၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၉၁ ဒေါ်လာ၊ ပြည်တွင်း အခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၇၈၀၀၀၊ ၁၅ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၇၀၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဇာတည်းအဖွဲ့ -၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရာဝတီလမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ချီဖွေမြို့နယ် မြန်ယွမ်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ချီဖွေ မတ် ၂၆**

ကချင်ပြည်နယ် ချီဖွေခရိုင် ချီဖွေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မဂေါင်ကျေးရွာအုပ်စု မြန်ယွမ်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချီဖွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဦးကိုကိုအောင်၊ ခရိုင်တာဝန်ခံအင်ဂျင်နီယာ ဦးမုန်းရှငွေနှင့် တာဝန်ရှိသူများက မြန်ယွမ်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကိုကိုအောင်က လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

မြန်ယွမ်ကျေးရွာ၌ အရှည် နှစ်မိုင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် အလျား ၂၅ ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေရှိ ရေတားတမံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၇ ဒသမ ၆၂၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် Banmaw Brother ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကြောင့် မြန်ယွမ်ကျေးရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း ချီဖွေခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတာဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အကွက် (၉၀၁) သီတာအေးရိပ်ကွက် မဟာမင်းထင်တိုက် သုဝဏ္ဏာရာမကျောင်း ဆရာတော် ဘဒ္ဒန္တမေဓာလင်္ကာရက ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဓမ္မဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိုက်ဦးမြဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏတို့က လက်ခံရယူစဉ်။

# ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၆၃၀၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၆၃၀၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၁၆၃၀၈ ဧကကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ အဆိုပါ နွေစပါးဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ နွေစပါးများကို အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၃၁၆၃၀၈ ဧကစိုက်ပျိုးခဲ့ပါတယ်။ နွေစပါးတွေကို အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့အတွက် တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးဌာနတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ နွေစပါးတွေကို လျာထားချက်ပြည့်မီစေဖို့နဲ့ ပျက်စီးထိခိုက်တာမရှိစေဖို့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာတွေကိုလဲ စပါးမစိုက်ခင်ကတည်းက မြေပြင်ထိဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် ရွှေခရုနဲ့ ပတ်သက်ပြီးလဲ တောင်သူပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးခဲ့ပါတယ်။ နွေစပါးစိုက်ပျိုးရာသီမှာက ရွှေခရု ကျရောက်တာနည်းပါတယ်။ ဒါပေမဲ့လဲ ကြိုတင်ကာကွယ်တဲ့အနေနဲ့ အသိပညာပေး လုပ်ငန်းတွေကို လုပ်ဆောင်ပေးနေတာပါ။ နွေစပါးတွေကို လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့ အခြားဌာနတွေကလဲ ပူပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးမှုအနေဖြင့် အိမ်မဲမြို့နယ်တွင် ၇၅၀၇၈ ဧက၊ မြောင်းမြမြို့နယ်တွင် ၁၁၃၁၁၅ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၁၂၈၁၀၆ ဧကတို့ဖြစ်ပြီး ဆင်းသုခ၊ မင်းရော၊ ရောပဒေသာ၊ ထိုင်းဘေးကျား၊ ရက် ၉၀၊ GW 11၊ GW 1 စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် သာလှအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အမရပူရ မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သာလှအေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေတတိယအကြိမ် ထုတ်ချေးခြင်းကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆန်းဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက သာလှအေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ရိုး**

# တောင်သာမြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းရန်ပုံငွေဖြင့် မီးလင်းရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**တောင်သာ မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၅ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လင်းလင်းနွယ်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ချောင်းဆုံကျေးရွာ၌ ထရန်စဖော်မာလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ပန်းပေါင်းကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးမှာကြားသည်။

ချောင်းဆုံကျေးရွာ၌ ထရန်စဖော်မာလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းနှင့် ပန်းပေါင်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း အရှည် ၃၄၁၆ ပေ မီးကြိုးသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ စီ၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စီတို့ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**သက်မာ**



# စာရိတ္တစွမ်းအား

ချစ်နိုင် (စိတ်ပညာ)

**"သီလဝတော စေတော ပဏိဓိဝိသုဇ္ဈတ္တာ" ကိုယ်ကျင့်သီလ စာရိတ္တဖြူစင်သူ၏လိုအင်ဆန္ဒ ဟူသမျှသည် တောင့်တသည့်အတိုင်း ပြည့်ဖို့ ပြည့်ဝတတ်ပေ၏။**

**ဗုဒ္ဓ(အံ-စိ ၅၆၃-အံ-စိ ၄၈၃)**

**စာရိတ္တကောင်းသူ**

အွန်ဒရေမော်ရှိုင်း(၁၈၈၅-၁၉၆၇) အမည်ရှိ ပြင်သစ်စာရေးဆရာကြီးက "စွမ်းဆောင်မှုတစ်ခုကို ရယူချင်လျှင် အမူအကျင့်အလေ့အထကောင်း(သီလ) ကို လေ့ကျင့်ပျိုးထောင်ပါ။ အကျင့်ရလာလျှင် သင်သည် စာရိတ္တကောင်းသူတစ်ယောက်ဖြစ်လာလိမ့်မည်။ ဤသို့ စာရိတ္တကောင်းမွန်လျှင် သင်လိုချင်သော ပန်းတိုင်သို့ ရောက်နိုင်ပေပြီ"ဟု ရေးသားခဲ့ဖူးသည်။

သီလဖြူစင်လျှင် လိုအင်ဆန္ဒပြည့်ဝအောင်မြင်စမြဲပင်ဖြစ်သည်ဟု မြန်မာတို့အစဉ်အလာ ဆုံးမစကားကို မှတ်သားခဲ့ဖူးသည်။

ရေနံချောင်းအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးနှစ်ဘာသာဖြင့် နှစ်ချင်းပေါက် အောင်မြင်ခဲ့သော မောင်အောင်ဆန်းသည် ဗုဒ္ဓဘာသာနှင့် ပါဠိစာပေကို အလေးအနက်မှတ်သားနာယူတတ်သူဖြစ်ခဲ့ပေသည်။ ထို့ကြောင့် တက္ကသိုလ်ကျောင်းသားဘဝတွင် လက်ဝဲစာပေများကို သေချာစွာ ကျေညက်အောင် လေ့လာခဲ့သူဖြစ်ပါလျက်၊ သခင်အောင်ဆန်းဘဝ၌ ကွန်မြူနစ်ပါတီကို မြန်မာပြည်တွင် အဦးဆုံးစတင်ဖွဲ့စည်း တည်ထောင်ခဲ့သူတစ်ဦးဖြစ်ပါလျက် နောင်အခါ ကွန်မြူနစ်ဝါဒီအစွန်းတစ်ဖက်ဆီသို့ မရောက်ဘဲ မြန်မာပြည်သူ၊ မြန်မာ့ရေမြေနှင့်တစ်ဆက်တည်း၊ တစ်သားတည်း ကိုက်ညီဆီလျော်သောအတွေးအခေါ်ဖြင့်သာ လွတ်လပ်သောနိုင်ငံတော်ကို မျှော်မှန်းအုတ်မြစ်ချခဲ့ပေသည်။ နိုင်ငံရေးသုခမိန်တစ်ဦးပါပေ။

**ကိုယ်ကျင့်တရား**

ဗိုလ်ချုပ်အောင်ဆန်းကို ပြည်သူက ယုံကြည်၏၊ အားကိုး၏။ အဘယ့်ကြောင့်ပါနည်း။

ကိုယ်ကျင့်တရားဖြူစင်ဖြောင့်မတ်ခြင်းကြောင့် အဓိကဖြစ်၏။ ဉာဏ်ပညာ အမြော်အမြင်ကြီးခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ သတ္တိရှိခြင်း၊ ရဲရင့်ခြင်း၊ ခွင့်လွှတ်အနစ်နာခံတတ်ခြင်း၊ ရဲဘော်ရဲဘက်စိတ်ပြည့်ဝခြင်း စသည့် အရာရာတို့တွင်လည်း သာမန်လူတို့ထက် ထူးကဲထူးချွန်သူဖြစ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ကိုယ်ရည်ကိုယ်သွေးအင်္ဂါရပ်များ ကောင်းမွန်ခြင်း အားလုံးတို့သည် သူ၏"စာရိတ္တ"ကောင်းခြင်း အုတ်မြစ်ပေါ်တွင် ခိုင်မာစွာတည်ဆောက်ထားခြင်းက အခြေခံအကျဆုံးဖြစ်၏။ စာရိတ္တက ခိုင်မာလှ၏။ ကာနယ်ဆူဇူကီး၊ ဗိုလ်ချုပ်ဆာဝီလျံဆလင်း၊ ဗိုလ်ချုပ်ကြီး မောင့်ဘက်တန် စသည်တို့က သူ၏စာရိတ္တတရားကို လေးစားယုံကြည်ကြ၏။

ကြီးမြတ်သော ပုဂ္ဂိုလ်များကို လူများက ကြည်ညို အားကျကြ၏။ မှန်ပါ၏။

ချမ်းသာကြွယ်ဝသူများကို မနာလိုမရှုဆိတ် ဖြစ်တတ်ကြ၏။ မုဒိတာထားနိုင်သူက နည်းပါး၏။

အာဏာရှိသူ၊ အာဏာပြသူများကို လူများက ကြောက်ရွံ့တတ်ကြ၏။ စကားပင် ကျယ်ကျယ်မပြောဝံ့။

ကိုယ့်ကျင့်တရားကောင်းသူများကိုမူ လူများက ယုံကြည်အားကိုးကြပေသည်။ ကြည်ညိုလေးမြတ်မဆုံးပါ။

"စာရိတ္တဟူသောအရာသည် သန့်ရှင်းလျှင် သန့်ရှင်းသလောက် တောက်ပြောင်ဝင်းပစမြဲဖြစ်သည်"ဟု ဗြိတိသျှနိုင်ငံရေးသမားတစ်ဦးဖြစ်သူ လော့(ဒ်)ချက်စတာဖီး(လ်)(၁၆၉၄-၁၇၇၃)က ရေးသားခဲ့ဖူး၏။ အလွန်မှန်၏။ မှတ်သားလောက်သည့်စကားဖြစ်သည်။

**၁၀၈ နှစ်ပြည့်ပါပြီ**

၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက် စနေနေ့တွင် နတ်မောက်မြို့၌ အဖရှေ့နေ ဦးဖာ၊ အမိ ဒေါ်စုတို့က မွေးဖွားခဲ့သော တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် တစ်မျိုးသားလုံးကို ကိုယ်စားပြုသည့် အမျိုးသားခေါင်းဆောင်ကြီးဖြစ်သည်။ မြန်မာတစ်မျိုးသားလုံးက အမျိုးသားခေါင်းဆောင်ဆိုသည့် ဂုဏ်ထူးဝိသေသဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ကြသည်မှာ ၆၈ နှစ်ရှိပါပြီ။

အသက် ၃၃ နှစ်မပြည့်မီအရွယ်တွင် အင်္ဂလိပ်စစ်တပ်က ခိုးထုတ်ပေးသော လက်နက်ခဲယမ်းများဖြင့် ဦးစော၊ မောင်စိုး၊ စိန်ကြီး၊ မှုံကြီး၊ ရန်ကြီးအောင်၊ မောင်နီ၊ ခင်မောင်ရင်၊ သုခ၊ သက်နှင်း၊ ဘညွန့်တို့က လုပ်ကြံသတ်ဖြတ်သဖြင့် ဗိုလ်ချုပ်ခန္ဓာကိုယ်တွင် သေနတ်ကျည်ဆန် ၁၃ ချက်ထိမှန်ကာ ကျဆုံးခဲ့သည်။ အင်္ဂလိပ်စစ်ဗိုလ် ကပ္ပတိန်ဗီဗီယန်နှင့် မေဂျာယန်းတို့က လက်နက် ၄၀၀ ကို ခိုးထုတ်ထောက်ပံ့ပေးခဲ့ခြင်းဖြစ်၏။

၁၉၁၅ ခုနှစ်တွင် မွေးဖွားခဲ့သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် အကယ်၍ အသက်ရှည်မည်ဆိုလျှင် ၂၀၂၃ ခုနှစ်တွင် ၁၀၈ နှစ်ပြည့်ပါပြီ။

❖ တက္ကသိုလ်ကျောင်းသားဘဝတွင် လက်ဝဲစာပေများကို သေချာစွာ ကျေညက်အောင် လေ့လာခဲ့သူဖြစ်ပါလျက်၊ သခင်အောင်ဆန်းဘဝ၌ ကွန်မြူနစ်ပါတီကို မြန်မာပြည်တွင် အဦးဆုံးစတင်ဖွဲ့စည်းတည်ထောင်ခဲ့သူတစ်ဦးဖြစ်ပါလျက် နောင်အခါ ကွန်မြူနစ်ဝါဒီအစွန်းတစ်ဖက်ဆီသို့ မရောက်ဘဲ မြန်မာပြည်သူ၊ မြန်မာ့ရေမြေနှင့်တစ်ဆက်တည်း၊ တစ်သားတည်း ကိုက်ညီဆီလျော်သောအတွေးအခေါ်ဖြင့်သာ လွတ်လပ်သော နိုင်ငံတော်ကို မျှော်မှန်းအုတ်မြစ်ချခဲ့ပေသည်။❖

**စွန့်လွှတ်ရဲသူ**

"ဤကမ္ဘာ၌ ပြည်သူတို့၏လွတ်မြောက်ရေး၊ ငြိမ်းချမ်းရေးနှင့် တိုးတက်ရေးတို့အတွက် တိုက်ပွဲဝင်ရင်း အသက်ကို စွန့်လှူရခြင်းထက် ပို၍မွန်မြတ်သော အလုပ်နှင့်ကြီးမြတ်သောဂုဏ်သည်မရှိပြီ"ဟု ဗိုလ်ချုပ်က ရေးခဲ့၏။ သူရေးသည့်၊ ပြောသည့်အတိုင်း တစ်သဝေမတိမ်းလိုက်နာကျင့်ဆောင်သူဖြစ်၏။

ဗိုလ်ချုပ်က ရောင့်ရဲတင်းတိမ်နိုင်သူဖြစ်၏။

အနဝဇ္ဇာနိ၊ ကမ္မာနိ စိတ်အပြစ်ကင်းစင်ခြင်း၊ သန့်ရှင်းကြည်လင်ခြင်းဖြင့် ပြည့်စုံသူဖြစ်၏။

စိတ်ချမ်းသာခြင်း အကြောင်းရင်းတရားတွင် ဤအချက်သည် အရေးပါ၏။ ဓမ္မပဒကျမ်းလာ မြတ်စွာဘုရား၏ အဆုံးအမတရား သုံးချက်သည် လိုက်နာနိုင်လျှင် လိုက်နာနိုင်သလောက် စိတ်အေးချမ်းမှုကို ရနိုင်ပါ၏။

**သဗ္ဗပါပဿ အကရဏံ၊**
**ကုသလဿ ဥပသမ္ပဒါ၊**
**သစိတ္တ ပရိယောဒါပနံ၊**
**ဧတံ ဗုဒ္ဓာန သာသနံ။**

မကောင်းမှုဟူသမျှကို ရှောင်ကြဉ်ခြင်း၊ ကောင်းမှုအမျိုးမျိုးကို ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်အောင်ထားခြင်းသည် ဘုရားရှင်အဆက်ဆက်တို့၏ အဆုံးအမပေတည်း။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ပုထုဇဉ်ပင်ဖြစ်ပါသော်လည်း ငယ်စဉ်ဘဝမှ ကွယ်လွန်ချိန် အသက် ၃၂ နှစ်ကျော်ထိ သူတော်စင်ရဟန်းတစ်ပါးကဲ့သို့ စိတ်ထားဖြူစင်ဖြောင့်မတ်သူဖြစ်၏။

**စံနမူနာယူပါ**

ဗိုလ်ချုပ်တွင် အများနည်းတူ စိုးရိမ်ခြင်း၊ ဝမ်းနည်းခြင်းနှင့် စိတ်ဆန္ဒမပြည့်ဝခြင်းတို့ ရံဖန်ရံခါရှိတတ်ပါသော်လည်း အများအားဖြင့် စိတ်ဆင်းရဲခြင်းကင်းစင်၏။ အဘယ့်ကြောင့်ဆိုသော် ဗိုလ်ချုပ်က စိတ်ဆင်းရဲခြင်း၏ အကြောင်းရင်းတရားနှစ်ပါးဖြစ်သော ဣဿာ-ကိုယ့်ထက်သာလျှင် မနာလိုခြင်း၊ ဝန်တိုခြင်းမျိုး၊ မစ္ဆရိယ-ဝန်တိုစေခဲ့ခြင်း၊ ကိုယ့်ရှိတာကို မဝေမျှလိုနှမြောတွန့်တိုခြင်းမျိုးမရှိ။ သူတွင် ပုဆိုးအင်္ကျီနှစ်စုံ၊ သုံးစုံသာရှိ၏။

အလိုလောဘမရှိ၊ ကိုယ့်အကျိုးအတွက် မစဉ်းစား၊ နိုင်ငံလွတ်လပ်ရေးရလျှင် နိုင်ငံရေးလည်းမလုပ်တော့။ သူက အာဏာလည်းမမက်၊ ဘယ်ပါတီမှလည်း မပါတော့။ အာဏာရှင်လည်း မလုပ်ချင်၊ သမ္မတလည်း မလုပ်ချင်၊ ဝန်ကြီးလည်း မလုပ်ချင်၊ အလွန်ပင် ရှင်းလင်းပြတ်သား၏။ အသက် ၃၀ ကျော်အရွယ်ဗြိုင်ဘက်မရှိအောင် ပြည်သူလူထု၏ ကြည်ညိုထောက်ခံမှုကို ရနေချိန်တွင် သူ၏တိကျသောသဘောထား။

**ရှေ့ဆောင်လမ်းပြသူ**

ဒါနဟူသော ပေးလှူခြင်းသည် ကောင်းမှုကုသိုလ်ဖြစ်၏။ ပြည်သူ၊ ပြည်သားအားလုံး၏ အကျိုးအတွက် မိမိ၏အသက်ကို စွန့်လှူခြင်းဟူသော မြင့်မြတ်သည့်စာဂ၊ စိတ်တွင် ရည်ရွယ်ချက်ရှိထားပြီးသော ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်သူတို့အတွက် ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်ကြီးပင် မဟုတ်ပါလား။ မြင့်မားလှပါတကား။

ယူဆောင်လိုသမျှကတော့ ပူလောင်ကြရမည်သာချည်း။ နေရာ၊ ရာထူး၊ တာဝန်၊ အခွင့်အရေး၊ အာဏာဘာပဲလိုချင်လိုချင် ယူချင်သမျှကား တစ်နေ့နေ့တွင် ယူငင်၍ရတတ်ပါ၏။ ယူလေရလေ၊ ရလေလိုလေ၊ ရလေလေများလေလေ လောဘသားကောင်အဖို့ များလေလေ၊ လေးလံလေလေ၊ လေးလွန်းတော့လည်း အိပြီး နိမ့်ကျသွားရရှာပေ၏။ နိယာမပင်။ အဆင့်နိမ့်ပေမှာပဲ။

ပေးလေပေးလေ၊ ဘာမှမရှိတော့လေ။ ဝေမျှသူက ဘာကိုမှမသိမ်းပိုက်၊ မတပ်မက်တော့ ဘာမှမရှိသဖြင့် ပေးလေပေါ့လေ။ ပေါ့လေလေ ပေါ့ပါးမြင့်မား အထက်သို့ လွင့်ပျံတက်သွား။ ဒါနနှင့်စာဂ၏တန်ခိုးစွမ်းအား မိုးတိမ်ယံထက်မြင့်မား။

"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏" ဟု နေ့စဉ်ရွတ်ဆိုကျင့်သုံးနေကြသော ပြည်သူ့သားကောင်းများ၏ မေတ္တာစေတနာစွမ်းအားသည် မုချအမှန်ထိရောက်ပါလိမ့်မည်။ တပ်မတော်၏ ဖခင်ဗိုလ်ချုပ်အောင်ဆန်း၏ ရင်နှစ်သည်းချာများ မဟုတ်ပါလား။

**နိုးလျက်နှင့်ဝေးသူ**

"ရဟန်းတစ်ပါးက မေးသဖြင့် မြတ်စွာဘုရားက ဤသို့သဘောရှိသော အဖြေစကားကို ဟောကြားဖူးပါ၏။ ငါဘုရား၏ သင်္ကန်းအစွန်းကို ကိုင်ထားလျက် ငါ၏အနီးအနားမှာပင်ရှိသော ရဟန်းပင်ဖြစ်စေကာမူ ငါဟောကြားသော တရားအတိုင်း မကျင့်ကြံမလိုက်နာဘဲနေသူဆိုလျှင် ယူဇနာများစွာဝေးနေသူဟုပင် ဆိုရမည်။ ယူဇနာများစွာဝေးကွာသော ဒေသအရပ်တွင်ရှိနေသည့် ရဟန်းသည် ငါဘုရားဟောကြားခဲ့သည့် တရားအတိုင်း လိုက်နာကျင့်သုံးနေထိုင်သူဆိုပါက ငါ၏အနီးဆုံးနေရာ၌ တည်ရှိသူဟုပင် ဆိုနိုင်သည်"တဲ့။ စဉ်းစားကြပါကုန်။

ဗိုလ်ချုပ်၏ဓာတ်ပုံကို ပုံကြီးချဲ့၍ အိမ်ပေါက်ဝတွင် ဆိုင်းဘုတ်နှင့်အတူ တင်ထားပါသော်လည်း အမျိုးသားခေါင်းဆောင်၊ နိုင်ငံရေးသုခမိန် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူအချင်းချင်း တစ်စိတ်တစ်ဝမ်းချစ်ကြည်ရေးကို ဥပေက္ခာပြုကာ အမုန်းစကား၊ ရန်ငြိုးဖွဲ့အပြစ်ရှာစကားများသာ တွင်တွင်ပြောဟောနေလျှင် ဖခင်ဗိုလ်ချုပ်နှင့် (စိတ်ချင်း)ဝေးနေသူဟုသာ ဆိုရပါလိမ့်မည်။ နိုင်ငံတော်ကို အသက်ပေး၍ ကာကွယ်နေသောတပ်မတော်အား တိုင်းတစ်ပါးအလိုကျ ပုတ်ခတ်ချိုးနှိမ်ရှုတ်ချချင်နေသော လူစားမျိုးသည်လည်း ဖခင်ဗိုလ်ချုပ်နှင့် (သဘောထားချင်း)ကမ္ဘာခြားအောင် ဝေးကွာလှ၏။ ဗိုလ်ချုပ်နှင့်တစ်ယောက်တစ်ကမ္ဘာစီ။

**မလှည့်စားပါနှင့်**

ဗိုလ်ချုပ်၏ရိုးသားမှု၊ ကြိုးစားမှု၊ အနစ်နာခံမှု၊ သစ္စာရှိမှု စသည့်လုပ်ရပ်များကို အတုမယူဘဲ နာမည်ချည်းသက်သက်ကို အသုံးချလျှင်၊ ဟန်ဆောင်မှုဓာတ်ပုံများကို ချိတ်ဆွဲထားလျှင် ပြည်သူများကို လိမ်ညာလှည့်စားရာ ရောက်ပါလိမ့်မည်။ ဗိုလ်ချုပ်ရေးသောစာ၊ ဗိုလ်ချုပ်ကျင့်သုံးခဲ့သော လမ်းစဉ်၊ ဗိုလ်ချုပ်ဖြစ်စေချင်သော ပန်းတိုင်၊ မူဝါဒမျိုးကို ကျွန်ုပ်တို့က သက်ဝင်ယုံကြည်စွာလိုက်နာကြရပါမည်။ သို့မှသာ ကျေးဇူးသိတတ်ရာရောက်ပါလိမ့်မည်။

ဗိုလ်ချုပ်ကို ကျေးဇူးဆပ်ရာရောက်ပါလိမ့်မည်။ စိတ်နေစိတ်ထား အနှစ်သာရတရားသာ အရေးကြီးပါ၏။ ဗိုလ်ချုပ်က ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို မလိုလားပါ။ ဒီမိုကရေစီစနစ်ကိုဖြစ်ထွန်းစေလိုပါသည်။ ပါတီများအတွင်းမှာကော ပြည်သူအတွင်းမှာပါ ဒီမိုကရေစီ ထွန်းကားပြန့်ပွားစေလိုခဲ့သည်။

ဥပမာတစ်ခုဆိုကြပါစို့။

လွတ်လပ်သောရွေးကောက်ပွဲစနစ်ဖြင့် ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်လောင်းများဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဖွဲ့စည်းထားသောအစိုးရဖြစ်ရမည်။ (အချို့က လွှတ်တော်ပြင်ပနိုင်ငံရေးဆိုပြီး မိမိဘာသာ ဆိုင်းဘုတ်တပ်ကာ နေရာယူအာဏာလုချင်သည်) အများပြည်သူ၊ ပြည်သားများ၏အုပ်ချုပ်မှုဖြစ်ရမည်။ (လူနည်းစု သို့မဟုတ် တစ်ဦးတစ်ဖွဲ့က ဆန့်ကျင်ကတ်ဖဲ့လုပ်ပြီး ဖျက်ဆီးနှောင့်ယှက်နေသည်) ကြောက်ရွံ့စရာ၊ စိုးရိမ်စရာမလိုဘဲ ညီမျှခြင်း၊ လွတ်လပ်ခြင်း ရှိကြရမည်။ (ဆန္ဒပြသပိတ်မှောက် အော်ဟစ်တဲ့အထဲ မပါလျှင် အဆဲအဆိုရှုတ်ချခံရ။ အနိုင်ကျင့် ဗိုလ်ကျချင်တတ်၏)

အခြေခံလူ့အခွင့်အရေးများရှိရမည်။ (တစ်ဦးချင်းတာဝန်သိမှု၊ တာဝန်ယူမှုလည်းရှိကြရမည်။ ဘာမှမသိဘူး၊ ဘာမှမလုပ်နိုင်ဘူးဟု တာဝန်မဲ့၊ တာဝန်ယူရှောင်လွှဲနေသမျှ လူ့အခွင့်အရေးများကလည်း ရနိုင်ပါမည်လော)

လူတစ်ဦးချင်းကိုလည်း လေးစားမှုရှိရမည်။ လူတစ်ဦးချင်းကိုမဆိုထားဘိ နိုင်ငံတော်ကို ကိုယ်စားပြုသော ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကိုပင် လေးစားရကောင်းမှန်းမသိ၊ မထီမဲ့မြင်ပြုချင်၏။ ဆင်ခြင်ရပါမည်။

**နိဂုံး**

မသိနားမလည်လို့ပါဟု ဆင်ခြေပေးလျှင် ဥပဒေနှင့် ပြစ်မှုက ခွင့်ပြုလိမ့်မည်မဟုတ်ပါ။ ဗိုလ်ချုပ်ကို အမှန်တကယ်သာကျေးဇူးသိတတ်ကြလျှင် စည်းကမ်းရှိကြရပါမည်။ ချစ်ခင်စည်းလုံးကြရပါမည်။ နိုင်ငံသားချင်း၊ လူမျိုးချင်း၊ ပါတီချင်း၊ အမျိုးသားအကျိုးစီးပွားအတွက် ညီညွတ်ကြရပါမည်။ ကိုယ်ကျိုးမရှာဘဲရိုးသားဖြောင့်မတ်ကြရပါမည်။

# သံဖြူဇရပ်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သံဖြူဇရပ် မတ် ၂၆**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ကွမ်သတ်ကျေးရွာနှင့် ပဒံငံလေးကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းက လမ်းရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။

ကွမ်သတ်ကျေးရွာ၌ လမ်းအရှည်ပေ ၅၁၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၅၂ သန်း၊ ပဒံငံလေးကျေးရွာ၌ လမ်းအရှည်ပေ ၅၂၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၅၅ ဒသမ ၁ သန်းတို့ဖြင့် တင်ဒါအောင်မြင်သည့် Myanmar Crystal World ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် အဆိုပါကျေးရွာတို့မှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းက ပြောပြ၍ သိရသည်။

**သုတ**



# ပင်းတယမြို့နယ် ကြေးတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ မတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ သရက်ကုန်းကျေးရွာအုပ်စု ကြေးတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြေးတွင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၆၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

# နေနှယ် လမှတ် တပ်မတော်

\- မြန်မာဟူလျက် ဓားမထက်မီ
သွေးဆက်လွှာလွှာ တို့မြေယာတွင်
တည်လာဖွံ့ဖြိုး တို့အမျိုး၏
ညွန့်ထိုးဂုဏ်လွှာ တောင်ပံ့ညာတည့်
တစ်ဖြာဂုဒအောင်း ကျောက်ခေတ်နှောင်းနှင့်
ကြေးလောင်း သံခေတ် ထိုတစ်ရစ်တိုင်း
အနှစ်မပြောင်း အသစ်ဆောင်းလျက်
နီမောင်းသွေးထန် သတ္တိမာန်တို့
ရှင်သန်တည်လာ မျိုးဆွေညာ။

\- တစ်လွှာမြို့ပြ ခေတ်ကာလသော်
ဗိဇသဏ္ဌာန် ရွှေရောင်စံတို့
ရှင်သန်ဖွံ့ဖြိုး ဗိဿနိုးတည့်
ထပ်တိုးတည်လာ သရေခေတ္တရာနှင့်
တစ်ဖြာ ဟန်လင်း ဂုဏ်အလင်းတို့
ဖြန့်ခင်းတည်တံ့ သမိုင်းသန့်။

\- သမိုင်းတစ်ရိုး တစ်လှိုင်းတိုးသော်
မြို့ရိုးပုဂံ အခြေခံလျက်
ရှင်သန်ညီညွတ် မော်ကွန်းမြတ်ခဲ့
ဆက်စပ်နယ်စုံ အဖုံဖုံမှ
ရဲဂုဏ်ထွန်းတည် ဆွေနောင်ညီတို့
မြို့တည်ပေါင်းစု ပြည်ထောင်စုဟု
နှိုင်းတုစံထား ဂုဏ်စကားဖြင့်
အင်အားထွန်းစည် ပေါက္ကံပြည်။

\- ပုဂံတစ်ခေတ် လွန်တစ်ရစ်၌
ပြည်ချစ်သွေးနှောင် ဆွေညီနောင်တို့
တည်ထောင် မြင်စိုင်း ဂုဏ်တစ်လှိုင်းနှင့်
သမိုင်း ပင်းယ ရဲသွေးပြခဲ့
ဗိဇအမွေ တဝေဝေသော
ရွှေပြည်တိုင်းငယ် အသွယ်သွယ်တို့
ဆက်နွယ်သွေးနီး အရေးကြီးတိုင်း
ပေါင်းစည်းရှင်သန် တို့နိုင်ငံ။

\- တို့ညီနောင်များ ပြည်ထောင်သားတို့
စွန့်စားစစ်ချီ ရဲစိတ်ညီသော
ရွှေပြည်တောင်ငူ တစ်ခေတ်မူကား
ပြည်သူပြည်သား ညီညွတ်အားနှင့်
စံထားရဲစိတ် တဖိတ်ဖိတ်ပင်
ဘုန်းရိပ်နန်းခို ရွှေညီကိုများ
တစ်ခိုပြည်ဝန်း ဘေးမသန်း။

\- တောင်ငူတစ်တန် လွန်ပြီးပြန်သော်
"သူ့နိုင်ငံသား သံမှုန့်စားမှ
တို့ဓားတုံးမည် မှတ်တော်တည်"ဟု
ဘုန်းစည်နှစ်မွေး ကုန်းဘောင်သွေးတည့်
စစ်ရေးပါရဂူ "မဟာ သီဟသူရ"
စိုက်ထူအောင်ပွဲ ခြိမ့်ခြိမ့်သဲနှင့်
အံ့အဲဖွယ်သား စစ်ပြောက်ကျားတွင်
"တိပ်ကြားမင်းခေါင်" သမိုင်းပြောင်ခဲ့
ရဲရောင်ထိန်ပ အစွမ်းစသော်
"ဗလမင်းထင်" လက်ရုံးရှင်။

\- တို့မြန်မာ့နန်း တို့ကြငှန်းကား
ခမ်းနားဝင်းသစ် မှန်ကင်းစစ်မို့
လင်းညစ်စခန်း ထင်းဖြစ်နွမ်းလည်း
လမ်းသားတစ်တန် ကျွန်မခံဘဲ
တွန်းလှန်နောင်ညီ လွတ်လပ်တည်ခဲ့
နောင်ညီသားဆွေ ဇာနည်တွေ
ပြည်ချစ်မော်ကွန်း ထွန်းလင်းစွေ။

\- သြော်. . .
မျိုးဆွေနှောင်စု ပြည်ထောင်စုကို
ဖော်ပြုမားမတ် ရှေ့မှရပ်လျက်
ပေးဆပ်ရဲတင်း ပြည့်ရန်ရှင်းသည့်
သွေးရင်းသားဆွေ ကြည်း ရေ လေ ၏
များထွေမပျက် ချွေးသွေးသက်တို့
ပေးဆက်စုံစုံ အဖုံဖုံမို့
ဂုဏ်ယူမဆုံး လေးမြတ်ထုံးဖြင့်
နှလုံးသားနွယ် လက်ာခြယ်သည်
နေနှယ် လမှတ် တပ်မတော်
စွမ်းရည်ဂုဏ်ဆင်း သင်းပျံ့ကျော်
မိုးထိတိုင်ထွေး မွှေးစေသော်။ ။

**ဘုန်းရဲနိုင်(ဂန့်ဂေါ)**

# လက်ပံတန်းမြို့နယ်၌ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လက်ပံတန်း မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်စိုးနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေး ကော်မတီဝင်များနှင့်အတူ ပေါက်ကုန်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း အရှည်ပေ ၁၆၀၀ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသက်စိုးက လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် ဆွေးနွေးမှာကြားသည်။

ပေါက်ကုန်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း အရှည်ပေ ၁၆၀၀ သွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၆ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ပေါက်ကုန်းကျေးရွာရှိ အိမ်ခြေ ၁၃၅ အိမ်၊ လူ ၅၄၁ ဦးတို့ ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသက်စိုးထံမှ သိရသည်။

**အေးမြတ်**

## နိုင်ငံတကာ သတင်းများ

# ရုရှားသမ္မတနှင့် တူရကီသမ္မတတို့ ဖုန်းခေါ်ဆို ဆွေးနွေး

**မော်စကို မတ် ၂၆**

ရုရှားသမ္မတ ပူတင်သည် တူရကီသမ္မတ အာဒိုဂန်နှင့် ဖုန်းခေါ်ဆို ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက မတ် ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ယူကရိန်းကောက်ပဲသီးနှံများ ပင်လယ်နက်ဆိပ်ကမ်းများမှတင်ပို့ ခွင့်ဆိုင်ရာ သဘောတူညီချက်ကို သက်တမ်းတိုးရာတွင် အပြုသဘောဆောင်သော ရပ်တည်ချက်ပြသခဲ့သည့်အတွက် သမ္မတပူတင်ကို တူရကီသမ္မတက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း ကရင်မလင်နန်းတော်က သတင်းထုတ်ပြန်ထားသည်။

မတ် ၂၅ ရက် ဖုန်းခေါ်ဆို ဆွေးနွေးပွဲတွင် သမ္မတပူတင်နှင့် သမ္မတ အာဒိုဂန်တို့သည် ပင်လယ်နက် ကောက်ပဲသီးနှံသဘောတူညီချက် ဒုတိယပိုင်းအပြည့်အဝအကောင်အထည်ဖော်ရေးအတွက် အဓိကထားဆွေးနွေးခဲ့ကြသည်။

ယူကရိန်း ပဋိပက္ခကြောင့် နိုင်ငံတကာ စားနပ်ရိက္ခာအကျပ်အတည်းတစ်ရပ်ပေါ်ထွက်လာခဲ့ပြီးနောက် ရုရှားနှင့် ယူကရိန်းတို့သည် ပြီးခဲ့သည့်နှစ် ဇူလိုင်လတွင် ပင်လယ်နက်ဆိပ်ကမ်းများမှ တစ်ဆင့် ယူကရိန်း ကောက်ပဲသီးနှံများ တင်ပို့နိုင်ရေးဆိုင်ရာ သဘောတူညီချက်ကို ရယူခဲ့ကြသည်။

ယူကရိန်းနှင့် ရုရှားတို့သည် ကုလသမဂ္ဂနှင့် တူရကီနိုင်ငံတို့၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ယင်းသဘောတူညီချက်ကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မတ် ၂၅ ရက် ဖုန်းခေါ်ဆို ဆွေးနွေးပွဲတွင် သမ္မတ ပူတင်နှင့် သမ္မတ အာဒိုဂန်တို့သည် တူရကီနှင့် ဆီးရီးယားနှစ်နိုင်ငံဆက်ဆံရေးပုံမှန်ပြန်လည်ထားရှိမည့်ကိစ္စကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ KKO

# နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဘီလာရုစ်၌ ဖြန့်ကြက်မည်ဟု သမ္မတပူတင် ကြေညာ



**မော်စကို မတ် ၂၆**

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဖြန့်ကြက်ရန် ရုရှားနိုင်ငံက စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက မတ် ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

ဘီလာရုစ်နိုင်ငံ၌ နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဖြန့်ကြက်မည့်အစီအစဉ်ကို ရုရှားသမ္မတပူတင်က မတ် ၂၅ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ရေဒီယိုသတ္တိကြွမှု နည်းပါးသည့်ယူရေနီယံများ ထည့်သွင်းထားသော အမြောက်ကျည်များကို ယူကရိန်းသို့ပေးပို့ရန်ဗြိတိန်နိုင်ငံက စီစဉ်ထားမှုကြောင့် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များကို ဘီလာရုစ်နိုင်ငံ၌ ဖြန့်ကြက်ရန် စီစဉ်ထားရခြင်း ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် ဘီလာရုစ်၌ ဖြန့်ကြက်မည့်နည်းဗျူဟာမြောက် နျူကလီးယား လက်နက်များကို အသုံးပြုရန် စီစဉ်ထားသော လက္ခဏာမျိုးမတွေ့ရသေးကြောင်း အမေရိကန် တာဝန်ရှိသူများက သုံးသပ်ထားသည်။

အနောက်အုပ်စု နိုင်ငံများက ယူကရိန်းကို စစ်ရေးအကူအညီ မြှင့်တင်ပေးနေချိန်တွင် ရုရှားသမ္မတပူတင်က ဘီလာရုစ်၌ နည်းဗျူဟာမြောက် နျူကလီးယား လက်နက်များ ဖြန့်ကြက်မည့် အစီအစဉ်ကို ကြေညာခဲ့ခြင်း ဖြစ်သည်။

ဘီလာရုစ်၌ နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ ဖြန့်ကြက်မှုသည် ရုရှားနိုင်ငံအတွက် ၁၉၉၀ ပြည့်နှစ် နောက်ပိုင်း ပထမဆုံးအကြိမ် ရုရှားနိုင်ငံပြင်ပ နျူကလီးယားလက်နက်ဖြန့်ကြက်မှု ဖြစ်လာလိမ့်မည်ဖြစ်သည်။

ရုရှားနိုင်ငံသည် နည်းဗျူဟာမြောက် နျူကလီးယားလက်နက် ၂၀၀၀ ခန့် ပိုင်ဆိုင်ထားသည်ဟု အမေရိကန်နိုင်ငံက ခန့်မှန်းထားကြောင်း သိရသည်။ KKO

# တူနီးရှားကမ်းလွန်၌ ရေယာဉ်နစ်မြုပ် ရွှေ့ပြောင်းဝင်ရောက်သူ အနည်းဆုံး ၁၉ ဦး သေဆုံး



**တူးနစ် မတ် ၂၆**

တူနီးရှားနိုင်ငံ ကမ်းရိုးတန်းကမ်းလွန်၌ ယနေ့တွင် ရေယာဉ်တစ်စီးနစ်မြုပ်ခဲ့ရာ ဆပ်အာဖရိကဒေသမှ ရွှေ့ပြောင်းဝင်ရောက်သူ အနည်းဆုံး ၁၉ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါရွှေ့ပြောင်းဝင်ရောက်သူများလိုက်ပါလာသည့် ရေယာဉ်သည် မြေထဲပင်လယ်ကို ဖြတ်၍ အီတလီနိုင်ငံသို့ ဦးတည်မောင်းနှင်နေစဉ် တူနီးရှားကမ်းလွန်၌ နစ်မြုပ်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်သည် တူနီးရှားကမ်းလွန်၌ ရွှေ့ပြောင်းဝင်ရောက်သူတင် ရေယာဉ်တိမ်းမှောက်မှုများအနက် နောက်ဆုံးပေါ်ထွက်ခဲ့သော ဖြစ်စဉ် ဖြစ်သည်။

ပြီးခဲ့သည့် လေးရက်အတွင်း တူနီးရှားတောင်ပိုင်း အက်စ်ဖက်စ်မြို့ကမ်းလွန်၌ တရားမဝင် ရွှေ့ပြောင်း ဝင်ရောက်သူတင် ရေယာဉ်ငါးစီးနစ်မြုပ်ခဲ့ရာ လူပေါင်း ၆၇ ဦးပျောက်ဆုံး၍ ကိုးဦးသေဆုံးခဲ့ရသည်။

ပြီးခဲ့သည့် လေးရက်တာကာလအတွင်း တူနီးရှားကမ်းခြေစောင့်တပ်သည် အီတလီသို့ ဦးတည်သွားရောက်နေသော တရားမဝင် ရွှေ့ပြောင်း ဝင်ရောက်သူတင် ရေယာဉ်အစီးရေ ၈၀ ကို တားဆီးခဲ့ရသည်။

ထို့ပြင် တူနီးရှားကမ်းခြေစောင့်တပ်သည် အဆိုပါရေယာဉ်များပေါ်မှ ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၃၀၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရာ အများစုမှာ ဆပ်ဆာဟာရအာဖရိကနိုင်ငံများမှဖြစ်ကြကြောင်း သိရသည်။ KKO

# တရုတ်နိုင်ငံနှင့်ဟွန်ဒူးရပ်စ်နိုင်ငံတို့ သံတမန်ဆက်ဆံရေးတရားဝင်စတင်

**ပေကျင်း မတ် ၂၆**

ဟွန်ဒူးရပ်စ်နိုင်ငံသည် တရုတ်(တိုင်ပေ)နှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့ပြီးနောက် ယနေ့မှစ၍ တရုတ်ပြည်မကြီးနှင့် သံတမန်ဆက်ဆံရေးတရားဝင်စတင်ခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်-ဟွန်ဒူးရပ်စ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထားရှိမှုဆိုင်ရာ သဘောတူညီချက်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းနှင့် ဟွန်ဒူးရပ်စ်နိုင်ငံခြားရေးဝန်ကြီး အက်ဝါဒိုအင်ရီကေးရိုင်နာဂါစီယာတို့က ပေကျင်းမြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။

ဟွန်ဒူးရပ်စ် နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)နှင့် သံတမန်ဆက်ဆံရေး ဖြတ်တောက်ပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် သံတမန်ဆက်ဆံရေးထူထောင်မည် ဖြစ်ကာ လက်ရှိအချိန်တွင် တရုတ်(တိုင်ပေ)နှင့် သံတမန်ဆက်ဆံရေး ထားရှိဆဲဖြစ်သည့် နိုင်ငံအရေအတွက်မှာ ၁၃ နိုင်ငံသာ ကျန်ရှိတော့မည်ဖြစ်သည်။

တရုတ်(တိုင်ပေ)နှင့် သံတမန်ဆက်ဆံရေးဖြတ်တောက်၍ တရုတ်ပြည်မကြီးနှင့် သံတမန်ဆက်ဆံရေး ထားရှိမည့်အစီအစဉ်ကို ဟွန်ဒူးရပ်စ်သမ္မတ ရှီအိုမာရာကတ်စထရိုက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကြေညာထားပြီးဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတ နိုင်ငံအစိုးရကို တရုတ်တစ်နိုင်ငံလုံးအား ကိုယ်စားပြုသည့် အစိုးရအဖြစ် မှတ်ယူမည်ဖြစ်ပြီး တရုတ်(တိုင်ပေ)ကို တရုတ်ပြည်မကြီး၏ ခွဲထွက်၍ မရနိုင်သော အစိတ်အပိုင်းအဖြစ် မှတ်ယူမည်ဖြစ်ကြောင်း ဟွန်ဒူးရပ်စ်နိုင်ငံခြားရေး ဝန်ကြီးဌာနက မတ် ၂၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် တရုတ်ပြည်တွင်းစစ် ပြီးဆုံးပြီးနောက် သီးခြားရပ်တည်ခဲ့သော တရုတ်(တိုင်ပေ)ကို ပြည်မကြီးအချုပ်အခြာပိုင်နယ်မြေအဖြစ် သတ်မှတ်ထားပြီး တရုတ်(တိုင်ပေ)နှင့် အခြားနိုင်ငံများကြား နိုင်ငံအချင်းချင်းအဆင့် သံတမန်ဆက်ဆံရေး ထားရှိမှုကို လက်ခံခြင်းမရှိကြောင်း သိရသည်။ KKO

# ထိုင်းဝန်ကြီးချုပ်ပရာယုချန်အိုချာ ညီညွတ်သောထိုင်းအမျိုးသားပါတီကိုယ်စားပြု ဝန်ကြီးချုပ်လောင်းအဖြစ် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်

**ဗန်ကောက် မတ် ၂၆**

ညီညွတ်သော ထိုင်းအမျိုးသားပါတီသည် လာမည့်အထွေထွေရွေးကောက်ပွဲအတွက် ပါတီကိုယ်စားပြုထိုင်းဝန်ကြီးချုပ်လောင်းအဖြစ် လက်ရှိဝန်ကြီးချုပ် ပရာယုချန်အိုချာကို အမည်စာရင်းတင်သွင်းခဲ့ကြောင်း အေပီသတင်းဌာနက မတ် ၂၅ ရက်တွင် ဖော်ပြခဲ့သည်။

အထွေထွေရွေးကောက်ပွဲသစ်ကျင်းပနိုင်ရေးအတွက် လွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီး ရက်သတ္တပတ်မပြည့်မီမှာပင် ဝန်ကြီးချုပ် ပရာယုချန်အိုချာကို ပါတီကိုယ်စားပြုဝန်ကြီးချုပ်လောင်းအဖြစ် ညီညွတ်သော ထိုင်းအမျိုးသားပါတီက တရားဝင်အမည်စာရင်းတင်သွင်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲတွင် ပရာယုချန်အိုချာသည် ဝန်ကြီးချုပ်ဟောင်း သက်ဆင်၏သမီးဖြစ်သူ ပေတွန်သန်ရှင်နာဝပ်နှင့်အကြိတ်အနယ် ယှဉ်ပြိုင်ရဖွယ်ရှိသည်။

ထိုင်းနိုင်ငံသည် လွှတ်တော်ကို ဖျက်သိမ်းပြီးနောက် အထွေထွေရွေးကောက်ပွဲသစ်ကို လာမည့် မေ ၁၄ ရက်တွင် ကျင်းပရန်စီစဉ်ထားသည်။

လာမည့်ရွေးကောက်ပွဲ၌ အနိုင်ရခဲ့ပါက လက်ရှိအစိုးရ အကောင်အထည်ဖော်နေဆဲလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်လောင်းအဖြစ် အမည်စာရင်းပေးသွင်းမှု တရားဝင်လက်ခံပွဲ၌ ဝန်ကြီးချုပ် ပရာယုချန်အိုချာက ပြောကြားခဲ့သည်။



ညီညွတ်သော ထိုင်းအမျိုးသား ပါတီသည် မတ် ၂၅ ရက်တွင် လာမည့်ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ပါတီကိုယ်စားပြု အမတ်လောင်း ဦးရေ ၄၀၀ တို့ကိုလည်း ကြေညာခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## Rocket Lab အာကာသနည်းပညာကုမ္ပဏီက မြေကမ္ဘာလေ့လာရေးဂြိုဟ်တုနှစ်စင်း အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် မတ် ၂၆**

အမေရိကန် အာကာသနည်းပညာကုမ္ပဏီတစ်ခုဖြစ်သည့် Rocket Lab ကုမ္ပဏီသည် မြေကမ္ဘာ လေ့လာရေးဂြိုဟ်တုနှစ်စင်းကို မတ် ၂၅ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၅ ရက်က ရေးသားတင်ပြထားသည်။

Rocket Lab ကုမ္ပဏီသည် အဆိုပါ မြေကမ္ဘာလေ့လာရေးဂြိုဟ်တုနှစ်စင်းကို အီလက်ထရွန်ဒုံးပျံဖြင့် နယူးဇီလန်နိုင်ငံမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၉ မိနစ်ခန့် အကြာတွင် အီလက်ထရွန်ဒုံးပျံ ပထမအဆင့်ဒုံးယာဉ်သည် လေထီးများအကူအညီဖြင့် ပစိဖိတ်သမုဒ္ဒရာအတွင်းသို့ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် အီလက်ထရွန်ဒုံးပျံကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သော်လည်း ပြင်းထန်သည့် နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် လွှတ်တင်ချိန် မိနစ် ၉၀ မျှ နောက်ကျခဲ့ရကြောင်း သိရသည်။

အဆိုပါ နေမျက်နှာပြင်စွမ်းအင်ပေါက်ကွဲမှုသည် ခြောက်နှစ်တာကာလအတွင်း အင်အားအပြင်းထန်ဆုံး နေမျက်နှာပြင်စွမ်းအင် ပေါက်ကွဲမှုဖြစ်ကြောင်း သိရသည်။

အီလက်ထရွန်ဒုံးပျံ၏ ထိပ်ပူးအဆင့်ဒုံးယာဉ်သည် လွှတ်တင်ပြီး ၅၄ မိနစ်နှင့် ၅၅ မိနစ်ကြားတွင် မြေကမ္ဘာလေ့လာရေးဂြိုဟ်တု နှစ်စင်းကို ပတ်လမ်းပေါ် သို့ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။KKO


## ဘိုးအင်းကုမ္ပဏီက စတားလိုင်နာအာကာသလူသယ်ယာဉ်ကို မူလစီစဉ်ထားခဲ့သည့် ဧပြီလအတွင်း လွှတ်တင်ဖြစ်တော့မည်မဟုတ်

**ဝါရှင်တန် မတ် ၂၆**

ဘိုးအင်း လေကြောင်းစက်မှုကုမ္ပဏီသည် အာကာသယာဉ်မှူးများလိုက်ပါမည့် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို မူလစီစဉ်ထားသကဲ့သို့ ဧပြီလအတွင်း လွှတ်တင်ဖြစ်တော့မည် မဟုတ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၅ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် ဘိုးအင်းကုမ္ပဏီတို့သည် မူလက စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို လာမည့်ဧပြီလလယ်ပိုင်းတွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် နိုင်ငံတကာ အာကာသစခန်းမစ်ရှင်များကို ချိန်ညှိပြီးနောက် စတားလိုင်နာ



အာကာသလူသယ်ယာဉ်ကို AX-2 အမည်ရှိ အာကာသလူသယ်ယာဉ်မစ်ရှင် လွှတ်တင်ပြီးမှသာ လွှတ်တင်မည်ဖြစ်သည်ဟု နာဆာနှင့် ဘိုးအင်းကုမ္ပဏီတို့က ကြေညာထားကြောင်း သိရသည်။

AX-2 မစ်ရှင်သည် ပုဂ္ဂလိက နိုင်ငံတကာ အာကာသစခန်းမစ်ရှင်တစ်ခုဖြစ်ပြီး အာကာသခရီးသည်များကို Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်ဖြင့် ပို့ဆောင်ပေးမည်ဖြစ်သည်။

Space-X ကုမ္ပဏီသည် AX-2 မစ်ရှင်ကို ယခုနှစ်မေလအစောပိုင်းတွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

AX-2 နှင့် စတားလိုင်နာမစ်ရှင်များလွှတ်တင်မည့် နေ့ရက်၊ အချိန်ကာလကို နာဆာအဖွဲ့က နောက်ပိုင်းတွင် သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။ KKO

## နာဆာ၏ ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်က ယူရေးနပ်စ်ဂြိုဟ်နှင့်ကြာသပတေးဂြိုဟ်တို့ကို ဓာတ်ပုံများရိုက်ကူးခဲ့

**ဝါရှင်တန် မတ် ၂၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် ယူရေးနပ်စ်ဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ကို ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မတ် ၂၅ ရက်က ရေးသားတင်ပြထားသည်။

ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ် ရိုက်ကူးပေးခဲ့သည့် ဓာတ်ပုံများ၌ အဆိုပါဂြိုဟ်ကြီး နှစ်စင်း၏ ရာသီဥတုအခြေအနေမည်သို့နွေးထွေးစွာ ပြောင်းလဲနေသည်ကို တွေ့နိုင်သည်ဟု နာဆာ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

နေ့စဉ် ပြောင်းလဲနေတတ်သည့် ကမ္ဘာ့ရာသီဥတု အခြေအနေများကဲ့သို့မဟုတ်ဘဲ နေအဖွဲ့အစည်းအတွင်းရှိ အခြားဂြိုဟ်ကြီးများ၏ လေထုလွှာအခြေအနေမှာ တည်ငြိမ်မှုပိုရှိကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် အဆိုပါနေအဖွဲ့အစည်း အပြင်စည်းဂြိုဟ်များသည် နေရောင်ခြည်ကို အရနည်းသကဲ့သို့ နေကို တစ်ပတ် ပတ်မိရန်လည်း နှစ်ပေါင်းများစွာ အချိန်ယူရတတ်ကြောင်း သိရသည်။

သို့ရာတွင် ဟက်ဘယ်အာကာသရေဒီယိုတယ်လီစကုပ်၏ ဓာတ်ပုံအထောက်အထားများအရ ယူရေးနပ်စ်နှင့် ကြာသပတေးဂြိုဟ်တို့၏ လေထုလွှာများမှာ အပြောင်းအလဲနေးကွေးသော်လည်း သက်ဝင်ရှင်သန်နေဆဲဖြစ်သည်ကို တွေ့ရကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဟက်ဘယ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာပတ်လမ်းကြောင်းပေါ် စတင်ရောက်ရှိခဲ့သော ၁၉၉၀ ပြည့်နှစ် ကာလများမှစ၍ နေအဖွဲ့အစည်း အပြင်စည်းဂြိုဟ်များကို လေ့လာစောင့်ကြည့်ခဲ့ကြောင်း သိရသည်။

KKO

# HEALTH

## အော်တစ်ဇင်ရောဂါခံစားနေရသူ ကလေးများ အမြင်အာရုံပြဿနာများပေါ် လာနိုင်ခြေ မြင့်မား

**နယူးယောက် မတ် ၂၆**

အော်တစ်ဇင်ရောဂါရှိသူကလေးများသည် အခြားသက်တူရွယ်တူများထက် ဆိုးရွားသည့်အမြင်အာရုံပြဿနာပေါ် လာနိုင်ခြေ ပိုမိုထက်မြင့်မားကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က မတ် ၂၅ ရက်က ရေးသားတင်ပြထားသည်။

သို့ရာတွင် အော်တစ်ဇင်လူနာကလေးများသည် အခြားသက်တူရွယ်တူများနှင့်နှိုင်းယှဉ်ပါက မျက်လုံးပြဿနာ စစ်ဆေးမှုခံယူနိုင်ခြေ ပိုနည်းနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် သုံးနှစ်နှင့် ငါးနှစ်ကြား အော်တစ်ဇင်လူနာ ၆၃၈၀၀ ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အော်တစ်ဇင်လူနာ ကလေးများသည် အမြင်အာရုံပြဿနာများ ရင်ဆိုင်ရနိုင်ခြေ ပိုမိုထက်မြင့်မားနေသော်လည်း အော်တစ်ဇင်မရှိသူ သက်တူရွယ်တူများနှင့်နှိုင်းယှဉ်ပါက မျက်လုံးစစ်ဆေးမှု ပိုနည်းပါးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ အော်တစ်ဇင်လူနာ ကလေးများ မျက်လုံးစစ်ဆေးမှု ခံယူနိုင်မှုနှုန်းမှာ ပုံမှန်ကျန်းမာရေးရှိသည့် သက်တူရွယ်တူများထက် ၅၉ ရာခိုင်နှုန်းပိုနည်းကြောင်း၊ မိဘများအနေဖြင့် မိမိတို့၏ အော်တစ်ဇင်လူနာကလေးများကို မျက်လုံးကျန်းမာရေး စစ်ဆေးမှုပုံမှန်လုပ်ပေးသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။ KKO

## ဟော်မုန်းအခြေခံ ပဋိသန္ဓေတားဆေးများ သုံးစွဲမှုကြောင့် ရင်သားကင်ဆာဖြစ်နိုင်ခြေ မြင့်တက်နိုင်

**လန်ဒန် မတ် ၂၆**

ဟော်မုန်းအခြေခံ ပဋိသန္ဓေတားဆေး မည်သည့်ပုံစံမျိုးကိုမဆို သုံးစွဲမှုကြောင့် ရင်သားကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း The Daily Mail သတင်းစာက မတ် ၂၅ ရက်က ရေးသားတင်ပြထားသည်။

ယခင်ပြုလုပ်ခဲ့သည့် လေ့လာချက်ရလဒ်များအရ အက်စထရိုဂျင်ဟော်မုန်းနှင့် ပရိုဂတ်စတိုဂျင်ဟော်မုန်းများပါဝင်သည့် ပဋိသန္ဓေတားဆေးများကြောင့် ရင်သားကင်ဆာဖြစ်နိုင်ခြေ ပုံမှန်ထက် ၂၀ ရာခိုင်နှုန်းမြင့်တက်လာနိုင်ကြောင်း သိရသည်။

သို့ရာတွင် ပရိုဂတ်စတိုဂျင်ဟော်မုန်းတစ်မျိုးတည်းပါဝင်သော ပဋိသန္ဓေ တားဆေးများကြောင့်လည်း ရင်သားကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ပရိုဂတ်စတိုဂျင်ဟော်မုန်း ပဋိသန္ဓေတားဆေးများသည် မကြာသေးမီနှစ်များအတွင်း သုံးစွဲသူများလာသော ပဋိသန္ဓေတားဆေးတစ်မျိုးဖြစ်သည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ မည်သည့်ဟော်မုန်းပဋိသန္ဓေတားဆေးမဆို ရင်သားကင်ဆာဖြစ်နိုင်ခြေကို မြင့်တက်စေနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များသည် အမျိုးသမီး ၉၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကိုလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ယူရို ၂၀၂၄ ခြေစစ်ပွဲအုပ်စုအဆင့် ပွဲကြိုသုံးသပ်ချက်များ

ML

**စကော့တလန် Vs စပိန်**

**ကစားမည့်ရက်/အချိန် ၂၉-၃-၂၀၂၃ (နံနက် ၀၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စပိန် ၃ - ၁ စကော့တလန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| စကော့တလန် | – | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(နိုင်) |
| စပိန် | – | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(နိုင်) |

အုပ်စုအဖွင့်ပွဲစဉ်မှာ နှစ်သင်းစလုံး ဂိုးပြတ်အနိုင်ရထားပေမဲ့ စကော့တလန်အသင်းအနေနဲ့ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် အခုပွဲစဉ်မှာ ရှုံးကန်ရမှာသေချာပါတယ်။ စပိန်အသင်းကတော့ နည်းပြသစ်လက်ထက်မှာ ကစားပုံပြောင်းလဲခဲ့တဲ့အပြင် တိုက်စစ်ပိုင်းထက်မြက်လာတာကြောင့် စကော့တလန်ခံစစ်ပိုင်းအနေနဲ့ စပိန်တိုက်စစ်ကို ထိန်းချုပ်ဖို့မလွယ်ပါဘူး။ ဒါကြောင့် စပိန်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – စကော့တလန် ၀ –၂ စပိန်**

**တူရကီ Vs ခရိုအေးရှား**

**ကစားမည့်ရက်/အချိန် ၂၉-၃-၂၀၂၃ (နံနက် ၀၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**တူရကီ ၃ - ၃ ခရိုအေးရှား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| တူရကီ | – | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(နိုင်) |
| ခရိုအေးရှား | – | ဝေး(ရှုံး) | အိမ်(နိုင်) | အိမ်(သရေ) |

တူရကီအသင်းဟာ အဖွင့်ပွဲစဉ်မှာ အနိုင်ရထားပေမဲ့ သူတို့အနိုင်ရခဲ့တာက ခြေစွမ်းပိုင်းအားနည်းနေတဲ့အသင်းဖြစ်သလို လက်ရှိ အိမ်ကွင်းခံစစ်ပိုင်းကလဲ သုံးပွဲဆက်ပေးဂိုးရှိနေတာဖြစ်ပါတယ်။ ခရိုအေးရှားကတော့ အဖွင့်ပွဲစဉ်မှာ မထင်မှတ်ဘဲ သရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် အခုပွဲစဉ်ဟာ မဖြစ်မနေနိုင်ပွဲရဖို့ ကြိုးပမ်းရမှာဖြစ်လို့ တိုက်စစ်မြှင့်လာမှာပါ။ ဒါကြောင့် အဝေးကွင်းရမှတ်ရှာဖွေရမဲ့ ခရိုအေးရှားကိုရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – တူရကီ ၁ –၂ ခရိုအေးရှား**

**ဆွစ်ဇာလန် Vs အစ္စရေး**

**ကစားမည့်ရက်/အချိန် ၂၉-၃-၂၀၂၃ (နံနက် ၀၁း၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆွစ်ဇာလန် | – | ဝေး(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| အစ္စရေး | – | အိမ်(နိုင်) | အိမ်(ရှုံး) | အိမ်(သရေ) |

အုပ်စု (I) မှာကစားသမားစုဖွဲ့မှုမှာကျောတဲ့ ဆွစ်ဇာလန်ဟာအဖွင့်ပွဲစဉ်မှာ ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့တာကြောင့် အခုပွဲစဉ်ကို အနိုင်ရခဲ့ရင် နောက်တစ်ဆင့်တက်ဖို့ သေချာနိုင်လို့ နိုင်ပွဲရဖို့ ကြိုးပမ်းလာမှာပါ။ လက်ရှိအစ္စရေးကတော့ ကစားသမားစုဖွဲ့မှုအားနည်းတဲ့အပြင် အဝေးကွင်းခံစစ်ပိုင်းပေးဂိုးများနေလို့ ရှုံးပွဲကြုံဖို့များပါတယ်။ ဒါကြောင့် အိမ်ရှင်ဆွစ်ဇာလန်ပဲ အနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဆွစ်ဇာလန် ၂ – ၀ အစ္စရေး**

## အားကစားသတင်း အတိုအထွာများ

- နာပိုလီအသင်းက ခံစစ်ကစားသမား ကင်မင်ဂျေးကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်ဖျက်သိမ်းကြေး ယူရို သန်း ၅၀ ဖြင့် သက်တမ်းတိုးရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- မတ် ၂၅ ရက်က ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်တွင် မော်ရိုကိုအသင်းက ဘရာဇီးအသင်းကို နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းက အသင်းတိုက်စစ်ပိုင်းဖြည့်တင်းရန်အတွက် အတ္တလန်တာအသင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူးဟိုဂျလန်းကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ML

# Hero Tri Nation International Football Tournament 2023

# ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ကာဂျစ်စတန်အသင်းတို့ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်



**ရန်ကုန် မတ် ၂၆**

အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် Hero Tri Nation International Football Tournament 2023 ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်အဖြစ် မတ် ၂၅ ရက် ညပိုင်းက မြန်မာ့လက်ရွေးစင်အသင်းနှင့် ကာဂျစ်စတန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကာဂျစ်စတန်အသင်း၏ နောက်ကျချေပဂိုးကြောင့် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်း၊ အိန္ဒိယအသင်းနှင့် ကာဂျစ်စတန်အသင်းတို့သည် နိုင်ငံတကာ ခြေစမ်းပွဲကာလတွင် ပတ်လည်ခြေစမ်းပွဲစဉ်အဖြစ် Hero Tri Nation International Football Tournament 2023 ပြိုင်ပွဲဟု အမည်ပေးပြီး သုံးသင်းပတ်လည် ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး မြန်မာအသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့က ပထမပိုင်းတွင်ပင်နယ်တီကန်သွင်းခွင့် ရရှိခဲ့သော်လည်း ကျော်မင်းဦးအနေဖြင့် ဂိုးအဖြစ်မပြောင်းလဲနိုင်ခဲ့ဘဲ လွဲချော်ခဲ့ရသည့်အတွက် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၈၂ မိနစ်တွင် တိုက်စစ်ကစားသမား အောင်သူက ပြိုင်ဘက်အသင်း ဂိုးဧရိယာအတွင်းမှ ကစားသမားများကို ကျော်ဖြတ်ပြီး ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက်ပိုင်း ကာဂျစ်စတန်အသင်းက ပြန်လည်ဖိအားပေး ကစားခဲ့ရာမှ ပွဲချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို လေးမိနစ်တွင် ကိုင်ရက်က ကာဂျစ်စတန် အသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ STA

# မန်ယူအသင်းက ထွက်ခွာပါက လန်းအသင်းသို့ ပြောင်းရွှေ့မည်ဟု ခံစစ်ကစားသမား ဗာရာနီပြောကြား

**မန်ချက်စတာ မတ် ၂၆**

မန်ယူအသင်း ခံစစ်ကစားသမား ဗာရာနီက ၎င်းအနေဖြင့် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံး၍ ထွက်ခွာခဲ့ရပါက ကစားသမားဘဝစတင်ခဲ့သည့် လန်းအသင်းသို့ ပြန်လည်ပြောင်းရွှေ့မည်ဟု ထုတ်ဖော်ပြောကြားခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၉ နှစ်ရှိ ခံစစ်ကစားသမားဗာရာနီသည် ၂၀၂၂ ကာတာ ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးချိန်တွင် ပြင်သစ် လက်ရွေးစင်ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် နယ်သာလန်အသင်းနှင့် ပြင်သစ်အသင်းတို့ပွဲစဉ်မတိုင်မီ အင်တာဗျူးအစီအစဉ်တစ်ခုတွင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံး၍ ထွက်ခွာခဲ့ရပါက ကစားသမားဘဝ စတင်ခဲ့သည့် ပြင်သစ်ကလပ် လန်းအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခံစစ်ကစားသမား ဗာရာနီက "ကျွန်တော့်အနေနဲ့ ကစားသမားဘဝကို မန်ယူ၊ ရီးရဲလ်မက်ဒရစ် ဒါမှမဟုတ် လန်းအသင်းမှာ ကုန်ဆုံးဖို့ ဆုံးဖြတ်ထားပါတယ်။ သေချာတာ တစ်ခုကတော့ ကျွန်တော့် ကစားသမားဘဝစတင်ခဲ့တဲ့ လန်းအသင်းမှာပဲ ကစားသမားဘဝအဆုံးသတ်ဖို့ စီစဉ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

ဗာရာနီသည် ၂၀၁၀ ပြည့်နှစ်က ၎င်း၏ကစားသမားဘဝကို ပြင်သစ်ကလပ် လန်းလူငယ်အသင်းနှင့် စတင်ခဲ့ပြီးနောက် ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် ၂၀၁၁ ခုနှစ်တွင် ရီးရဲလ်မက်ဒရစ်အသင်းသို့ ရောက်ရှိခဲ့ပြီး ပြိုင်ပွဲစုံ ၃၆၀ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၇ ဂိုးထိ သွင်းယူနိုင်ခဲ့က အသင်းနှင့်အတူ ဆုဖလား ၂၂ လုံးထိ ဆွတ်ခူးနိုင်ခဲ့ကာ ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင်မန်ယူအသင်းသို့ သုံးနှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

ML

# ဘာစီလိုနာခံစစ်ကစားသမား ခရစ်စတန်ဆန် ဒဏ်ရာပြဿနာကြောင့် လာမည့်ပွဲစဉ်များလွဲချော်မည်

**ဘာစီလိုနာ မတ် ၂၆**

နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း ဒိန်းမတ်အသင်းနှင့် ဖင်လန်အသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် ဒိန်းမတ်အသင်းခံစစ်ကစားသမား ခရစ်စတန်ဆန်အနေဖြင့် လာမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်ဟု Barcablau-granes.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဒိန်းမတ်အသင်းက ဖင်လန်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ခံစစ်ကစားသမား ခရစ်စတန်ဆန်အနေဖြင့် ပွဲကစားချိန် ၁၈ မိနစ်တွင် ရရှိခဲ့သည့်ခြေသလုံးကြွက်သားဒဏ်ရာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ရပြီး ဘာစီလိုနာအသင်းတွင် လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ဒဏ်ရာပြန်လည် သက်သာလာစေရန် အချိန်ယူရမည်ဖြစ်သောကြောင့် လာမည့်ပွဲစဉ်များဖြစ်သည့် အယ်ချီအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ ဂျီရိုနာအသင်း၊ ဂီတာဖေးအသင်းနှင့် အေတီကိုအသင်းတို့ ပွဲစဉ်ကို လွဲချော်မည်ဟု ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



လက်ရှိ ဘာစီလိုနာအသင်း၏ ဒဏ်ရာရ ကစားသမားများစာရင်းတွင် ခရစ်စတန်ဆန်အပါအဝင် ခံစစ်ကစားသမား အာရှူဂျို၊ ကွင်းလယ်ကစားသမား ဒီဂျောင်း၊ ပက်ထရီ၊ ဒမ်ဘီလီတို့ ရှိနေသောကြောင့်အသင်းအနေဖြင့် လာမည့် အမှတ်ပေးပွဲစဉ်အပါအဝင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ကစားရမည့် စပိန်ကိုပါဒယ်ရေးဖလား ဒုတိယအကျော့ပွဲစဉ်တို့တွင်လည်း အခက်တွေ့နိုင်ဖွယ်ရှိကြောင်း သိရသည်။

ML

# အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က အသင်းလေ့ကျင့်ရေးကွင်းကို မက်ဆီဟု အမည်ပြောင်းလဲဂုဏ်ပြု

**ဗျူနိုဗ်အေးရိစ် မတ် ၂၆**

အာဂျင်တီးနားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က မြို့တော်ဗျူနိုဗ်အေးရိစ်ရှိ အသင်းလေ့ကျင့်ရေးကွင်း အမည်ကို မက်ဆီလေ့ကျင့်ရေးကွင်းဟု အမည်တပ်ပြီး အသင်းခေါင်းဆောင် မက်ဆီကိုဂုဏ်ပြုမှုပြုလုပ်ခဲ့ကြောင်း The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အာဂျင်တီးနားနိုင်ငံဘောလုံးအဖွဲ့ချုပ်က အစောပိုင်းက အသင်းလေ့ကျင့်ရေးကွင်း အမည်ကို ကာဆာဒီအယ်ဇီဇာ လေ့ကျင့်ရေးကွင်းဟု သတ်မှတ်ပြီးအသုံးပြုခဲ့သော်လည်း ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို အကောင်းဆုံး ဦးဆောင်ပြီး ချန်ပီယံဆုဆွတ်ခူးပေးနိုင်ခဲ့သည့် မက်ဆီကို ဂုဏ်ပြုသည့်အနေဖြင့် မက်ဆီလေ့ကျင့်ရေးကွင်းဟု အမည်ပြောင်းလဲမည် ဖြစ်သည်။

မက်ဆီအမည်ဖြင့် ပြောင်းလဲဂုဏ်ပြုသည့် အခမ်းအနားကို အာဂျင်တီးနားနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ချီကွီတာပီယာနှင့် မက်ဆီအပါအဝင် အာဂျင်တီးနားအသင်း ကစားသမားများလည်း တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြသည်။

မက်ဆီက"အခုလို ဂုဏ်ပြုခံခဲ့ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အကောင်းဆုံး ပေးဆပ်နိုင်ခဲ့တဲ့အတွက်လဲ ကျေနပ်မိပါတယ်။ အခုလို အသင်းလေ့ကျင့်ရေးကွင်းအမည်ကို ကျွန်တော့်နာမည် ပြောင်းပေးခဲ့တဲ့အတွက်လဲ အဖွဲ့ချုပ်ကို ကျေးဇူးအများကြီး တင်ပါတယ်။ အသင်းအတွက် အကောင်းဆုံးအရာတွေ ရရှိဖို့အတွက် ကျွန်တော်တတ်နိုင်သလောက် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

STA



# မန်စီးတီးအသင်းက ဟာလန်းကို စံချိန်တင် လုပ်ခလစာပေးပြီး သက်တမ်းတိုးရန် ကြိုးပမ်း

**မန်ချက်စတာ မတ် ၂၆**

မန်စီးတီးအသင်းက အသင်းမှ အဓိက တိုက်စစ်ကစားသမား ဟာလန်းကို ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ပြင်ဆင်နေသည့်အတွက် လက်မလွှတ်လိုသောကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် စံချိန်တင် လုပ်ခလစာပေးချေပြီး သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ကြိုးပမ်းလျက်ရှိနေသည်ဟု မန်ချက်စတာညနေခင်း သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဟာလန်းသည် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဒေါ့မွန်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုထားသော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက ဟာလန်းကို အသင်းအနာဂတ်စီမံကိန်းအတွက် ခေါ်ယူလိုနေသောကြောင့် မန်စီးတီးအသင်းက စံချိန်တင်လုပ်ခလစာပေးချေပြီး တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဟာလန်းသည် ယခုနှစ်ဘောလုံးရာသီတွင် မန်စီးတီးအသင်း၌ ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသလျက်ရှိနေပြီး ပြိုင်ပွဲစုံ ၄၂ ဂိုးထိ သွင်းယူထားသည့်အတွက် ရီးရဲလ်မက်ဒရစ်အသင်းက အသင်းတိုက်စစ်ပိုင်းမှ ဘင်ဇီမား၏နေရာတွင် ဟာလန်းနှင့် အစားထိုးလိုနေခြင်းဖြစ်သည်။

လက်ရှိတွင် ဟာလန်းသည် မန်စီးတီးအသင်းတွင် တစ်ပတ်လုပ်ခစတာလင်ပေါင် ၃၇၅၀၀၀ ရရှိနေပြီး အသင်းဖော် ဒီဘရိုင်းနှင့် မန်ယူအသင်းဂိုးသမား ဒီဂီယာတို့နှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လုပ်ခလစာအများဆုံးရရှိနေသည့် ကစားသမားအဖြစ် ပူးတွဲရပ်တည်နေသော်လည်း ယခုအခါ မန်စီးတီးအသင်းက ဟာလန်းကို တစ်ပတ်လုပ်ခစတာလင်ပေါင် ၅၀၀၀၀၀ထိ တိုးမြှင့်ပေးပြီး အသင်းတွင် ဆက်လက် ထိန်းသိမ်းရန်အတွက် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

STA

# WBC ယာယီစူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်တွင် ဘီနာဗီဒက်ဇ်က ကာလက်ပလန့်ကို အနိုင်ရရှိ



**မိုင်ယာမီ မတ် ၂၆**

WBC ယာယီ စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့သမား ဘီနာဗီဒက်ဇ်နှင့် စိန်ခေါ်သူ နိုင်ငံတူလက်ဝှေ့သမား ကာလက်ပလန့်တို့ ယနေ့တွင် အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်၌ ထိုးသတ်ခဲ့ရာ ဘီနာဗီဒက်ဇ်က ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့ကြောင်း Bad Left Hook သတင်းဌာနက ဖော်ပြခဲ့သည်။

ဘီနာဗီဒက်ဇ်နှင့် ကာလက်ပလန့်တို့၏ စိန်ခေါ်ပွဲသည် ပရိသတ်များအား အကြိုက်တွေ့စေသည့် စိန်ခေါ်ပွဲ တစ်ပွဲဖြစ်ခဲ့ပြီး အမေရိကန်လက်ဝှေ့သမား နှစ်ဦးကြားလေးစားမှုအပြည့်ဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည့်အတွက်ကြောင့်လည်း ပြိုင်ပွဲအပြီးတွင် ပရိသတ်များက လူမှုကွန်ရက်တွင် နှစ်ဦးစလုံးအား ချီးကျူးမှုများ ပြုလုပ်ခဲ့ကြသည်။

သို့သော်လည်း ကြိုးဝိုင်းဒိုင် ကန်နီဘေလက်စ်၏ ဆုံးဖြတ်ချက်တချို့မှာ မေးခွန်းထုတ်စရာဖြစ်ခဲ့ပြီး ကာလက်ပလန့်ရသင့်သည့် ရမှတ်တချို့လည်း ဆုံးရှုံးခဲ့ရသည်။ လက်ဝှေ့သမား နှစ်ဦးကြားလေးစားမှုအပြည့်ဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်အတွက် ပရိသတ်များ၏ ချီးကျူးမှုကို ရရှိခဲ့ကြသော်လည်း ကြိုးဝိုင်းဒိုင်မှာ ဝေဖန်မှုများစွာဖြင့် ရင်ဆိုင်ခဲ့ရသည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် တင်မ်ချီဟမ်းက ဘီနာဗီဒက်ဇ်ကို (၁၁၅-၁၁၃) ရမှတ်ဖြင့်လည်းကောင်း၊ ဒေ့ဗ်မိုရက်တီက ဘီနာဗီဒက်ဇ်ကို (၁၁၆-၁၁၂) ရမှတ်ဖြင့်လည်းကောင်း၊ စတီဝိုက်ဖယ်က ဘီနာဗီဒက်ဇ်ကို (၁၁၈-၁၁၁) ရမှတ်ဖြင့်လည်းကောင်း အနိုင်ပေးခဲ့ကြသည်။

ကြိုးဝိုင်းဒိုင်၏ ဆုံးဖြတ်ချက်တချို့မမှားယွင်းခဲ့ပါက ပွဲပြီးရမှတ်အဖြေများ ပြောင်းလဲသွားနိုင်မည် ဖြစ်သည်။

ဘီနာဗီဒက်ဇ်အနေဖြင့် ကာလက်ပလန့်အား အနိုင်ထိုးသတ်နိုင်ခဲ့ပြီးနောက် စူပါမစ်ဒယ်ဝိတ်တန်းလောကတွင် ပြိုင်ဘက်ကင်းဖြစ်နေသည့် မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်ဇ်ကို စိန်ခေါ်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

AZL

# မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ မျက်ဒဗျက် တက်ရောက်

**မိုင်ယာမီ မတ် ၂၆**

အမေရိကန်နိုင်ငံ မိုင်ယာမီတွင် ကျင်းပနေသည့် မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်နှင့် စပိန်တင်းနစ်ကစားသမား ရော်ဘာတ်တိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က (၆-၁၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Euro Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်သည် ရော်ဘာတ်တိုကို ပြတ်သားသည့်ရလဒ်များဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်စွဲရန်ရေပန်းစားနေသည့် ကမ္ဘာ့အဆင့်(၁) တင်းနစ်ကစားသမား အယ်ကာရက်ဇ်ကို စိန်ခေါ်နိုင်သည့် လက်စွမ်းမျိုး ပြသခဲ့သည်။

မျက်ဒဗျက်သည် Indian Wells Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် အယ်ကာရက်ဇ်ကို ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ရပြီးနောက် မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အကောင်းဆုံး ပုံစံဖြင့် လက်စွမ်းပြလာနိုင်ခဲ့သည်။

မျက်ဒဗျက်က "ရော်ဘာတ်တိုနဲ့ ပွဲစဉ်မှာ ကစားနိုင်ခဲ့တဲ့ပုံစံဟာ တော်တော်လေး အမှားနည်းပါတယ်။ Indian Wells Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှာ အယ်ကာရက်ဇ်ကို စိတ်ပျက်စရာလက်စွမ်းမျိုးနဲ့ ရှုံးနိမ့်ခဲ့ရတယ်။ ဒါကြောင့်လဲ မိုင်ယာမီအိုးပင်းရဲ့ ပွဲစဉ်တွေမှာ လိုအပ်ချက်တွေကို အကောင်းဆုံး ပြင်ဆင်ကစားခဲ့တယ်။ ထိရောက်တဲ့ပြင်ဆင်မှုတွေ ဖြစ်ခဲ့ပါတယ်။ တိကျပြီး အားပါပြင်းထန်တဲ့ ရိုက်ချက်တွေ ရိုက်နိုင်ဖို့အတွက် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိဖို့လိုတယ်။ ယုံကြည်မှုရှိနေမှ လိုချင်တဲ့နေရာကို တည်တည်ငြိမ်ငြိမ်နဲ့ တုံ့ပြန်ရိုက်နိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

### ယူရိုခြေစစ်ပွဲပြိုင်ပွဲ ရလဒ်

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၂ | - | ၀ | ယူကရိန်း |
| ကာဇက်စတန် | ၃ | - | ၂ | ဒိန်းမတ် |
| စလိုဗေးနီးယား | ၂ | - | ၀ | ဆန်မာရီနို |
| လက်ချင်စတိန်း | ၀ | - | ၇ | အိုက်စလန် |

### အာဖရိကဖလားပြိုင်ပွဲ ရလဒ်

| | | | | |
|---|---|---|---|---|
| လီဆိုသို | ၀ | - | ၂ | ဇမ်ဘီယာ |
| ဆာအိုတိုမီ | ၀ | - | ၂ | ဆီးရီးယားလီယွန် (ဝ၄ဝ) |

# LPGA Drive On Championship ပြိုင်ပွဲအမှတ်ပေးဇယားကို ပြင်သစ်ဂေါက်သီးရိုက်မယ် ဘောက်တိုင်ယာ ဦးဆောင်

**အရီဇိုးနားယား မတ် ၂၆**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျင်းပနေသည့် LPGA Drive On Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ပြင်သစ်ဂေါက်သီးရိုက်မယ် ဘောက်တိုင်ယာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထိုင်းဂေါက်သီးရိုက်မယ် ဂျူတာနူဂန်နှင့် အမေရိကန်ဂေါက်သီးရိုက်မယ် အလစ်ဆန်လီ၊ တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ရှုဟောရန်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက် ၁၅ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

ဘောက်တိုင်ယာသည် ဒုတိယနေ့ပြီးသည်ထိ ပုံမှန်လက်စွမ်းဖြင့်သာ ကစားနိုင်ခဲ့သော်လည်း တတိယနေ့တွင် ချန်ပီယံလက်စွမ်းမျိုး ပြသကာ အမှတ်ပေးဇယားထိပ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ဘောက်တိုင်ယာက "တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ပုံစံက အမှားအယွင်းနည်းတယ်။ လိုချင်တဲ့ ပုံစံအတိုင်း အပြည့်အဝကစားနိုင်ခဲ့တယ်။ Swing ရိုက်ချက်တွေလဲ တော်တော်လေး အဆင်ပြေတယ်။ ရိုက်ချက်နည်းနည်းနဲ့Green ရှေ့ကို ရောက်ခဲ့တယ်။ ပထမနေ့နဲ့ ဒုတိယနေ့မှာတော့ တတိယနေ့မှာ ကစားနိုင်ခဲ့တဲ့ပုံစံမျိုးမရခဲ့ဘူး။ နောက်ကနေ လိုက်ကစားခဲ့ရတဲ့အတွက် ဖိအားရှိနေပေမဲ့လဲ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်တဲ့သူတွေလောက်တော့ ဖိအားမများပါဘူး။ တတိယနေ့ရဲ့ကျင်းလေးကျင်းမှာ Birdie ရိုက်ချက်ရခဲ့တယ်။ တကယ်ဆိုရင်တော့ Birdie ရိုက်ချက်က ဒီထက်ပိုပြီး ရခဲ့သင့်ပါတယ်။ ရိုက်ချက်တစ်ချက်ချင်းစီတိုင်းကို တည်တည်ငြိမ်ငြိမ်နဲ့ကိုယ်လိုချင်တဲ့ နေရာရောက်အောင် ရိုက်နိုင်ခဲ့တဲ့အတွက်လဲ တတိယနေ့မှာ ရလဒ်ကောင်းခဲ့တာပါ။ နောက်ဆုံးနေ့ကိုတော့ ပိုပြီးအာရုံစိုက်ရမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# စည်းလုံးခြင်း၊ ညီညွတ်ခြင်းဟူသော အင်အားရှိလျှင် အောင်မြင်မည်

ဘုန်းမောင်ဝင်း(ဖျာပုံ)

၂၀၁၃ ခုနှစ် မတ် ၂၇ ရက်သည်ကား ၆၈ နှစ်မြောက်တပ်မတော်နေ့ဖြစ်သည်။ တပ်မတော်နေ့ဟု မော်ကွန်းတင်ထားသလို တပ်မတော်နှင့် ပြည်သူတို့၏ သွေးစည်းညီညွတ်မှုကိုပြခဲ့သော နေ့ကောင်း၊ နေ့မြတ်ဖြစ်သည်။ မြန်မာတို့သည် နယ်ချဲ့ကျူးကျော်မှုကို အားမတန်၍ မာန်လျှော့ခဲ့ရသော်လည်း မျိုးချစ်စိတ်ဓာတ် ညှိုးဖျင်းခဲ့ကြသူများ မဟုတ်ကြပေ။ ဆုံးရှုံးသွားသော လွတ်လပ်ရေးကို ပြန်လည်ရရှိရေးအတွက် စဉ်ဆက်မပြတ် တိုက်ပွဲဝင်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်၏ ဦးဆောင်ကြိုးပမ်းမှုကြောင့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် စတင်ဖွဲ့စည်းစဉ်က လူအင်အား ရာဂဏန်းမျှသာရှိခဲ့သည်။ မြန်မာနိုင်ငံထဲသို့ ပြန်လည်ရောက်ရှိ တိုက်ပွဲဝင်နေချိန်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အင်အားမှာ ငါးသောင်းကျော်မျှရှိခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့တို့ ဆုတ်ခွာသွားပြီးနောက် ဂျပန်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်၏အင်အားကို စိုးရိမ်လာသည်။ ဂျပန်တို့၏ မူလရည်မှန်းချက်မှာ ဗမာ့တပ်မတော်ကို ၎င်းတို့၏ ခါးပိုက်ဆောင်တပ်ဖွဲ့အဖြစ်လောက်သာ ဖွဲ့စည်းပေးပြီး လိုအပ်သည့်အခါ မြို့ရွာနယ်ပယ်စောင့် တာဝန်၊ လမ်းဖောက်၊ လမ်းထွင် တာဝန်များတွင် အသုံးချရန် စီမံထားသည်။ ယခုကဲ့သို့ အင်အားများလာသည့်အတွက် ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) အဖြစ် အင်အား ၃၀၀၀ ဖြင့် ပြန်ဖွဲ့စည်းပေးခဲ့သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဖျက်သိမ်းခံရခြင်းကြောင့် တပ်မတော်သားတို့၏ ရင်ထဲတွင်မကျေနပ်ချက်များ များပြားလာခဲ့သည်။

ဂျပန်တို့သည် ၁၉၄၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် လွတ်လပ်ရေးပေးခဲ့သော်လည်း မြန်မာနိုင်ငံ၏နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးတို့ကို ၎င်းတို့၏ ဩဇာအောက်တွင်ထားရှိ၍ ကြိုးကိုင်ခြယ်လှယ်လျက်ရှိသည်။ အတုအယောင်လွတ်လပ်ရေးသာပေးခဲ့သဖြင့် ထိုစဉ်က မြန်မာနိုင်ငံအစိုးရသည် ဂျပန်တပ်သားတို့က ပြည်သူလူထုအပေါ် နိုင်ထက်စီးနင်းပြုမူမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ဂျပန်စစ်ပုလိပ်ကင်ပေတိုင်တို့၏ မတရားဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများကို မည်သို့မျှဝင်ရောက်ဟန့်တားခွင့်မရှိကြပေ။

တိုင်းပြည်၏အခြေအနေကား ချည်နှဲ့ဆိုးရွားလွန်းနေသည်။ ဂျပန်စစ်ပုလိပ်နှင့် ဂျပန်စစ်သားတို့၏ ရမ်းကားယုတ်မာမှုဒဏ်ကို အံကြိတ်ခံနေရသည်။ ထိုစဉ်က ဂျပန်အရင်းရှင်ကုမ္ပဏီများကလည်း မြန်မာ့စီးပွားရေးကို သွေးစုပ်လျက်ရှိကြသည်။ ဆန်စပါး၊ ရေနံ၊ ရော်ဘာ၊ ဆီ၊ ဝါဂွမ်းများကို အဆိုပါကုမ္ပဏီများက လက်ဝါးကြီးအုပ်ထားကြသည်။ ဂျပန်ကပေးသည့် လွတ်လပ်ရေးမှာ အမည်ခံမျှသာဖြစ်သည်။ အမျိုးသမီးနှင့် ဘုန်းတော်ကြီးများကိုပင်မရှောင် နိုင်ထက်စီးနင်းပြုမူနေကြသည်။

ဂျပန်စစ်ပုလိပ်တို့ကလည်း ၎င်းတို့ဖမ်းဆီးထားသော ပြည်သူလူထုကို လူမဆန်သောနည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်ကြသည်။ ထိုမျှသာမက ဂျပန်တို့သည် ယိုးဒယား-မြန်မာ မီးရထားလမ်းကို ၁၉၄၂ ခုနှစ် ဇူလိုင်လမှစ၍ မြန်မာချွေးတပ်သား ၈၄၇၃၈ ဦး၊ ဂျပန်တို့သိမ်းပိုက်ထားသောနယ်မြေများမှ တမီလ်၊ မလေးရှား၊ ဂျားဗား၊ တရုတ်စသည့်လူဦးရေ ၂၆၉၉၄၈ ဦး၊ မဟာမိတ်စစ်သုံ့ပန်း ၄၆၀၀၀ တို့ဖြင့် မိုင် ၂၅၀ မျှ ရှည်လျားသော မီးရထားလမ်းကို ၁၈ လအတွင်း ဖောက်လုပ်စေခဲ့သည်။ ချွေးတပ်သား ရှစ်သောင်းကျော် သေဆုံးခဲ့ရာတွင် သုံးသောင်းကျော်မှာ မြန်မာများဖြစ်သည်။

**❖ ဗမာ့တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးအတွက် လိုအပ်သည့် စစ်အင်အားတိုးချဲ့ရေး၊ လေ့ကျင့်ရေး၊ စစ်စွမ်းရည်ပြည့်ဝရေး၊ စည်းကမ်းပိုမိုကောင်းမွန်ရေး စသည်တို့ကို ပြင်ဆင်လုပ်ကိုင်ရင်း ဖက်ဆစ်ဆန့်ကျင်ရေး နိုင်ငံရေးသင်တန်းများကို လျှို့ဝှက်စွာပို့ချခြင်း၊ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများ ညီညွတ်ရေးအတွက် ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိအောင် ကြိုးပမ်းခြင်းစသည်တို့ကို ပြုလုပ်ဆောင်ရွက်ကြသည်။ ❖**

ဗမာ့ကာကွယ်ရေးတပ်မတော် ကာလမှာလည်း တပ်မတော်သားများအနေဖြင့် ဂျပန်တို့၏ ဖိနှိပ်ချုပ်ချယ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုအမျိုးမျိုးကို ကြိတ်မှိတ်သည်းခံကာ ဂျပန်မှ စစ်ပညာကိုသင်ယူခဲ့ကြသည်။ ဂျပန်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည်ဆိုသော်လည်း ထိုလွတ်လပ်ရေးမှာ ဂျပန်တို့၏ အုပ်ချုပ်မှုအောက်က အမည်ခံလွတ်လပ်ရေးမျှသာဖြစ်ခဲ့သည်။ ဗမာ့တပ်မတော်သည်ဖက်ဆစ်တော်လှန်ရေးအတွက် လိုအပ်သည့် စစ်အင်အားတိုးချဲ့ရေး၊ လေ့ကျင့်ရေး၊ စစ်စွမ်းရည်ပြည့်ဝရေး၊ စည်းကမ်းပိုမိုကောင်းမွန်ရေး စသည်တို့ကို ပြင်ဆင်လုပ်ကိုင်ရင်း ဖက်ဆစ်ဆန့်ကျင်ရေး နိုင်ငံရေးသင်တန်းများကို လျှို့ဝှက်စွာပို့ချခြင်း၊ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများ ညီညွတ်ရေးအတွက် ဗမာ့တပ်မတော်၊ ပြည်သူ့အရေးတော်ပုံပါတီနှင့် ကွန်မြူနစ်ပါတီတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိအောင် ကြိုးပမ်းခြင်းစသည်တို့ကို ပြုလုပ်ဆောင်ရွက်ကြသည်။ ၁၉၄၅ ခုနှစ် မတ်လဆန်းတွင် ဗမာ့တပ်မတော်မှခေါင်းဆောင်များ၊ ပြည်သူ့အရေးတော်ပုံပါတီမှ ခေါင်းဆောင်များ၊ ဗမာပြည်ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်များသည် ဖက်ဆစ်တော်လှန်ရေးအတွက် အစည်းအဝေးကျင်းပခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းကြီးမှူးသော ဗမာ့ကာကွယ်ရေးတပ်မတော်သည် အထက်မြန်မာပြည်သို့ ထိုးဖောက်ဝင်ရောက်၍လာသော အင်္ဂလိပ်နှင့်မဟာမိတ်တပ်များကို ချီတက်တိုက်ခိုက်မည်ဟု နည်းပရိယာယ်အသုံးပြု၍ ဂျပန်စစ်အာဏာပိုင်များနှင့် ဆွေးနွေးကြသည်။ ဂျပန်စစ်အာဏာပိုင်များက ဗိုလ်ချုပ်အောင်ဆန်း၏ အစီအစဉ်ကို ဝမ်းသာစွာလက်ခံသည်။

ထို့ကြောင့် စစ်မြေပြင်သို့ တပ်များချီတက်မည့် တပ်ထွက်အခမ်းအနားကျင်းပရန် စီစဉ်ရသည်။ ၁၉၄၅ ခုနှစ် မတ် ၁၇ ရက်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်သည် ရန်ကုန်မြို့ ရွှေတိဂုံစေတီအနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခုတော်လှန်ရေးပန်းခြံနေရာ)တွင် စစ်ရေးပြအခမ်းအနားနှင့်တပ်ထွက်ပွဲအခမ်းအနားကို ကျင်းပကြလေသည်။ အဆိုပါတပ်ထွက်အခမ်းအနားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက "ရဲဘော်တို့ . . .

အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး။ အခုစစ်မြေပြင်ကို ထွက်ရမယ်။ ဆင်းရဲမယ်၊ ငတ်မယ်၊ အခက်ခဲတွေနဲ့ ရင်ဆိုင်ရမယ်။ မြန်မာပီပီ မြန်မာ့သွေးကိုပြပါ။ အထက်ဗိုလ်များရဲ့ အမိန့်ကိုနာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့အတူ ချီတက်မယ်။

မြန်မာ့ရန်သူကို ချေမှုန်းကြ။ အနီးကပ်ဆုံးရန်သူကို ရှာပြီးတိုက်ကြ။ ဒါပဲ. . ."ဟူ၍ အရှင်းလင်းဆုံးနှင့် အထိရောက်ဆုံးမိန့်ကြားခဲ့သည်။

မြန်မာ့တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်မှစတင်၍ ဖက်ဆစ်ဂျပန်စစ်တပ်များကို စစ်ကြေညာ၍ တိုက်ခိုက်ခဲ့သည်။ ၁၉၄၅ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဂျပန်တို့လက်နက်ချကြောင်း ကမ္ဘာသို့ကြေညာခဲ့သည်။ တပ်မတော်သည် ဂျပန်တို့ကို တိုက်ခိုက်ရာ၌ ၁၉၄၅ ခုနှစ် မတ်လမှမေလကုန်ထိ တိုက်ပွဲပေါင်းများစွာကို တိုက်ခိုက်ခဲ့ရသည်။ တိုက်ပွဲများ၌ ရန်သူဘက်ကကျဆုံးသူ ၁၀၈၂၆ ဦး၊ ဒဏ်ရာရသူ ၂၃၀၄ ဦး၊ သုံ့ပန်း ၂၀၅ ဦးနှင့်ရန်သူ၏ လက်နက်ခဲယမ်း အများအပြား ဖမ်းဆီးရမိခဲ့သည်။

ထိုစဉ်က အရှေ့အာရှတောင်ပိုင်းမဟာမိတ်တပ်ပေါင်းစု စစ်သေနာပတိချုပ်ဖြစ်သူ မောင့်ဘက်တန်က သူ၏စစ်ဆင်ရေးအစီရင်ခံစာတွင် "စစ်တောင်းမြစ်ဝှမ်းဒေသတစ်ခုတည်း၌ ဖြစ်ပွားခဲ့သောတိုက်ပွဲများတွင် ဂျပန်ပေါင်း ၆၂၇၂ ဦးကျဆုံးခဲ့ရာ ထိုအထဲမှ ၃၂၀၀ ခန့်မှာ မျိုးချစ်ဗမာ့တပ်မတော်၏ တိုက်ခိုက်မှုကြောင့် ကျဆုံးခဲ့ရပါသည်"ဟူ၍ ဖော်ပြထားသည်။

ဤသည်ကိုကြည့်လျှင် မြန်မာ့တပ်မတော်နှင့် ပြည်သူတို့၏ စွမ်းပကားကြီးမားမှု မြင်တွေ့နိုင်သည်။ အခြားလူမျိုးများနှင့်စစ်တိုက်လျှင် သုံ့ပန်းရရန်လွယ်သလောက် ဂျပန်ကို သုံ့ပန်းရရန်လွယ်ကူသည်မဟုတ်ချေ။ ထိုအချက်မှာ မဟာမိတ်များကိုယ်တိုင်က အသိအမှတ်ပြုခြင်းဖြစ်သည်။ ထို့ထက်ပို၍ ထူးခြားသည့်အချက်များမှာ မှော်ဘီလေယာဉ်ကွင်းရှိ ဂျပန်လေယာဉ်သုံးစင်းကို ဖျက်ဆီးနိုင်ခြင်း၊ ဂျပန်များသိမ်းထားသည့် စပါးအမြောက်အမြား၊ ပစ္စည်းအမြောက်အမြားကို ဂျပန်များလက်ထဲမှ အကောင်းအတိုင်းရယူနိုင်ခြင်း၊ ပေါင်းတည်ဘက်မှ ချွေးတပ်သား ၈၀၀၀ ကို ဂျပန်များဆီက ထွက်ပြေးသွားနိုင်အောင် ဆောင်ရွက်နိုင်ခြင်း၊ ရန်ကုန်ရှိ အဖမ်းခံထားရသော ရဲဘော်များကို လွှတ်ပေးနိုင်ခြင်းနှင့် ရန်ကုန်မြို့က ဂျပန်များ အပြေးမြန်သည့်အတွက် ရန်ကုန်မြို့ပျက်စီးဆုံးရှုံးမှုနည်းပါးခြင်းတို့ကို စွမ်းဆောင်နိုင်ခဲ့သည်။

မြန်မာတို့ ဖက်ဆစ်တော်လှန်ရေးအောင်မြင်မှုကို ထိုစဉ်က ကမ္ဘာအရပ်ရပ်ရှိ သတင်းစာကြီးများက ဂုဏ်ပြုချီးကျူးရေးသားခဲ့ကြသည်။ အထူးသဖြင့် ဗြိတိန်ရှိ နာမည်အကြီးဆုံး လန်ဒန်တိုင်းသတင်းစာကြီးက ခေါင်းကြီးပိုင်းကနေပြီး ကျကျနနရေးသားခဲ့သည်။ တပ်မတော်ကို ချီးကျူးထားသည်။ အင်္ဂလိပ်တို့အနေဖြင့် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် စဉ်းစားဆုံးဖြတ်ရာတွင် မြန်မာ့တပ်မတော်၏ စွမ်းရည်ထက်မြက်မှုကိုပါ ထည့်သွင်းစဉ်းစားကာ ဆုံးဖြတ်ပေးခဲ့ခြင်းဖြစ်သည်။

တပ်မတော်နှင့်ပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့် ဖက်ဆစ်တော်လှန်ရေးကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့သည်။ ပြည်သူတို့ကလည်း မိမိတို့ကျရာအခန်းကဏ္ဍမှ စွန့်စွန့်စားစားပါဝင်ခဲ့ကြသည်။ တပ်မတော်နှင့်ပြည်သူတို့ အပင်ပန်းခံတိုက်ပွဲဝင်ခြင်းမှာ တိုင်းပြည်လွတ်လပ်ရေးနှင့် ပြည်သူလူထုကောင်းစားရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုအချိန်က တပ်မတော်နှင့်ပြည်သူတို့သည် ရန်သူကို မတိုက်လျှင်မဖြစ်၍ တိုက်နေခြင်းဖြစ်သည်။ ဂျပန်လူမျိုးသည် မဆိုး။ ဂျပန်ဖက်ဆစ်များသာ ဆိုးသည်။ ဆိုးရွားလွန်းသော ဖက်ဆစ်ဂျပန်များကို တိုက်ခိုက်ကြသော်လည်း စစ်မတိုက်လို၍ ပြေးလာသော ဂျပန်များကို ကောင်းစွာစောင့်ရှောက်ကြသည်။ တပ်မတော်သည် ပြည်သူကိုဦးဆောင်၍ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲခဲ့သည်မှာ မဟာမိတ်တို့၏ အထောက်အကူဖြစ်ရုံ တိုက်ခိုက်သည်မဟုတ်ဘဲ မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားရေး၊ လွတ်လပ်ရေးအတွက် စစ်ပွဲဆင်နွှဲခြင်းဖြစ်သည်။ ပြည်သူတစ်ရပ်လုံးက တပ်မတော်နှင့် ညီညီညွတ်ညွတ်လက်တွဲကာ ဖက်ဆစ်တော်လှန်ရေးကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့ခြင်းကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၇ ရက်ကို တပ်မတော်နေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ရှေးက မိမိတို့ဘိုးဘွား တပ်မတော်သားတို့ နိုင်ငံတော်ကာကွယ်ရေးတာဝန် ကျေပွန်ခဲ့ကြသည်။ မိမိတို့လက်ထက်တွင်လည်း နိုင်ငံတော်ကာကွယ်ရေးတာဝန်ကျေပွန်ကြရမည်ဖြစ်သည်။ တပ်နှင့်ပြည်သူ လက်တွဲကူ ဘယ်သူရန်မူငုံ့မည်နည်း။ ဘယ်သူခွဲခွဲ တို့မကွဲ အမြဲစည်းလုံးမည်ဟူသော စိတ်ဓာတ်ဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာတည်သရွေ့ တည်ရှိအောင် ကြိုးစားကြရန်ဖြစ်ပါကြောင်း။ ။

# ပေါင်းတည်မြို့နယ် အုန်းသုံးပင်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပေါင်းတည် မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဘုရားငါးဆူကျေးရွာအုပ်စု အုန်းသုံးပင်ကျေးရွာ၌မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးလွင်စိုး၊ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက အုန်းသုံးပင်ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အုန်းသုံးပင်ကျေးရွာ မြေနီကျောက်စရစ်လမ်း အရှည်ပေ ၂၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မ ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ်သိန်း ၁၀၀ ဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၃၄၈ အိမ်၊ လူ ၁၃၇၄ ဦးတို့ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **သန္တာ**

# ပဲခူးမြို့နယ် ကလျာဏီသိမ်တော်ကြီး ရှေးမူမပျက်ပြုပြင်မွမ်းမံနေမှု မတ်လကုန်တွင် အပြီးဆောင်ရွက်သွားမည်



**ပဲခူး မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကလျာဏီသိမ်တော်ကြီးကို ရှေးမူမပျက် အကြီးစားပြုပြင်မွမ်းမံနေမှုများ မတ်လကုန်တွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြောပြ၍ သိရသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်များ ပါဝင်လှူဒါန်းမှုဖြင့် ရှေးဟောင်းသမိုင်းဝင် ကလျာဏီသိမ်တော်ကြီးကို အကြီးစားမွမ်းမံခြင်းနှင့် ကလျာဏီကန်တော်မင်္ဂလာအား ပြန်လည်ဆယ်တင်ခြင်း လုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကလျာဏီသိမ်တော်ကြီးက ရှေးဟောင်းအမွေအနှစ် နေရာတစ်ခုအနေနဲ့ဆိုရင်တော့ သက်တမ်းအားဖြင့် နှစ်ပေါင်း ၅၀၀ ကျော်ပါပြီ။ အခုပြုပြင်မွမ်းမံနေတဲ့ အဆောက်အအုံကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၀ တုန်းက တည်ထားခဲ့တဲ့အဆောက်အအုံတော့ မဟုတ်တော့ပါဘူး။ ၁၉၅၃ ခုနှစ်တုန်းက ပြန်လည် တည်ဆောက်ထားတဲ့ အဆောက်အအုံတွေ ဖြစ်ပါတယ်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၇၀ ရှိပြီးဖြစ်တော့ လိုအပ်တဲ့ပြုပြင်မွမ်းမံမှုတွေကို ထပ်မံပြီးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီလကုန်ဆိုရင်တော့ အားလုံးပြီးစီးပါပြီ"ဟု ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြောပြသည်။

ကလျာဏီသိမ်တော်ကြီးသည် ပဲခူးမြို့နယ်အတွင်း ဘုရားဖူးများ သွားလာမှုများရာ နေရာတစ်ခုဖြစ်ပြီး ကလျာဏီသိမ်တော်နှင့်အတူ ပါဠိ၊ မွန်ဘာသာတို့ဖြင့် ခရစ်နှစ် ၁၄၈၀ ပြည့်နှစ်ခန့်က ရေးထိုးခဲ့သော ကလျာဏီကျောက်စာများ တည်ရှိခြင်းကြောင့် ထင်ရှားသည့်နေရာဖြစ်ကြောင်း သိရသည်။ ASH

# Sleeping Dogs ဇာတ်ကား၌ မင်းသား တွမ်မီဖလာနာဂန် ပါဝင်မည်

**နယူးယောက် မတ် ၂၆**

Nickel City ရုပ်ရှင်ကုမ္ပဏီ၏ Sleeping Dogs အမည်ရှိ မှုခင်း ထိတ်လန့်သည်းဖို ဇာတ်ကား၌ မင်းသား တွမ်မီဖလာနာဂန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

Sleeping Dogs ဇာတ်ကား၌ တွမ်မီဖလာနာဂန်သည် မင်းသားကြီး ရပ်ဆဲလ်ခရိုး၊ မင်းသမီး ကာရန်ဂျီလန်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် စာရေးဆရာ အီးအိုချိုရိုဗီစီ၏ The Book of Mirrors အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Sleeping Dogs ဇာတ်ကားကို ဒါရိုက်တာ အဒမ်ကူးပါးက ဩစတြေးလျနိုင်ငံ၌ ရိုက်ကူးနေကြောင်း၊ အဆိုပါဇာတ်ကားအတွက် ဇာတ်ညွှန်းကို အဒမ်ကူးပါးက ဇာတ်ညွှန်းရေးဆရာ ဘီကောလက်နှင့် ပူးတွဲရေးသားထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Sleeping Dogs ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Nickel City က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

KKO



# ယခုနှစ် သင်္ကြန်ကာလတွင် နိုင်ငံတစ်ဝန်း သင်္ကြန်ပွဲတော်များကျင်းပနေပုံကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရန် မှတ်တမ်းတင် ရိုက်ကူးမည်ဖြစ်

**နေပြည်တော် မတ် ၂၆**

ယခုနှစ် မဟာသင်္ကြန်ကာလတွင် နိုင်ငံတစ်ဝန်း သင်္ကြန်ပွဲတော်များ ကျင်းပနေပုံများကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းနိုင်ရန် ကြိုတင်ပြင်ဆင်မှုအနေဖြင့် မှတ်တမ်းတင် (Documentary) ရိုက်ကူးထားမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (နေပြည်တော်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းလွင်က ပြောပြ၍ သိရသည်။

ယခုနှစ် သင်္ကြန်ကာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲနေကြသည့် မြင်ကွင်းပုံရိပ်များကို မှတ်တမ်းတင်သွားမည်ဖြစ်ပြီး မြန်မာတို့၏ ရိုးရာအမွေအနှစ်ဖြစ်သည့် မဟာသင်္ကြန်ပွဲတော်ကို အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ်လည်း ထိန်းသိမ်းထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးကို ဆောင်ရွက်နေကြောင်း သိရသည်။



"မဟာသင်္ကြန်ပွဲတော်ကတော့ ကျွန်တော်တို့ရဲ့ ရိုးရာအမွေအနှစ်ပွဲတော်လဲဖြစ်တဲ့အတွက် နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့်အနေနဲ့ကတော့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အနေနဲ့ ထိန်းသိမ်းထားပြီးဖြစ်ပါတယ်။ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖို့ကတော့ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒီအတွက် အထောက်အထားအနေနဲ့ မှတ်တမ်းတင်ဖို့ ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းလွင်က ပြောပြ၍ သိရသည်။ ASH

# Oppenheimer ဇာတ်ကား ပြသချိန်အကြာဆုံးဇာတ်ကား ဖြစ်လာနိုင်

**နယူးယောက် မတ် ၂၆**

Oppenheimer စစ်နောက်ခံဒရာမာဇာတ်ကားသည် ဒါရိုက်တာ ခရစ္စတိုဖာနိုလန်အတွက် ပြသချိန်အကြာဆုံးဇာတ်ကား ဖြစ်လာနိုင်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မတ် ၂၅ ရက်တွင် ရေးသားတင်ပြထားသည်။

Oppenheimer ဇာတ်ကား၏ ပြသချိန်စုစုပေါင်းမှာ သုံးနာရီထိရှိကြောင်း ဟောလိဝုဒ်ရုပ်ရှင်လောကသတင်းအရင်းအမြစ်များ၏ အဆိုအရ သိရသည်။

အကယ်၍ အထက်ပါသတင်းမှန်ကန်ကြောင်း အတည်ပြုနိုင်ပါက Oppenheimer ဇာတ်ကားသည် ဒါရိုက်တာ ခရစ္စတိုဖာနိုလန်အတွက် ပြသချိန်အကြာဆုံးဇာတ်ကားအဖြစ် မှတ်တမ်းဝင်မည်ဖြစ်ပြီး ခရစ္စတိုဖာနိုလန် ရိုက်ကူးခဲ့ဖူးသည့် ပြသချိန်အကြာဆုံးဇာတ်ကားများထဲတွင် The Dark Knight Rises ၁၆၄ မိနစ်နှင့် Interstellar ၁၆၉ မိနစ်ရှိသောဇာတ်ကားများဖြစ်ကြောင်း သိရသည်။

အဏုမြူဗုံးကို တီထွင်ရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်ခဲ့သည့် အမေရိကန်သိပ္ပံပညာရှင် ဂျေရောဘတ်အိုပင်ဟိုင်းမား၏ ဘဝကို အခြေခံထားသည့် Oppenheimer ဇာတ်ကား၌ ဂျေရောဘတ်အိုပင်ဟိုင်းမားအဖြစ် မင်းသား စီလီယန်မာဖီက သရုပ်ဆောင်ထားကြောင်း သိရသည်။ KKO




# ပုဂံယဉ်ကျေးမှုနယ်မြေရှိ သာသနိကအဆောက်အအုံအချို့တွင် နံရံဆေးရေးပန်းချီများ ပျက်စီးမှုမရှိစေရန် အဆောက်အအုံရောင်လျှံပေါက်များ၌ သံဆန်ခါတပ်ဆင်မည်

**ညောင်ဦး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သာသနိကအဆောက်အအုံအချို့တွင် နံရံဆေးရေးပန်းချီများ ပျက်စီးမှုမရှိစေရန် အဆောက်အအုံရောင်လျှံပေါက်များတွင် သံဆန်ခါတပ်ဆင်မည်ဖြစ်ကြောင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းအဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် Heritage Trust Team Bagan မှ အဖွဲ့ဝင် ဦးမြင့်နိုင်က ပြောပြ၍ သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သာသနိကအဆောက်အအုံအချို့တွင် လင်းနို့များကြောင့် နံရံဆေးရေးပန်းချီများ ပျက်စီးမှုရှိခဲ့သည့်အတွက် ရှေးဟောင်းအဆောက်အအုံများရှိ ရောင်လျှံပေါက်(အလင်းဝင်ပေါက်) များတွင် သံဆန်ခါတပ်ဆင်ခြင်းလုပ်ငန်းများကို ဧပြီလတွင် လုပ်ကိုင်သွားမည်ဖြစ်သည်။

"လင်းနို့တွေက ကုတ်ခြစ်တဲ့အတွက် နံရံဆေးရေးပန်းချီတွေ ပျက်စီးတာမျိုးရှိသလို၊ လင်းနို့က စွန့်ထုတ်တဲ့မစင်မှာ အက်စစ်ဓာတ်ပါတဲ့အတွက် နံရံတွေ၊ ကြမ်းပြင်တွေ ပျက်စီးမှုရှိသလို အဆောက်အအုံအတွင်းမှာ အနံ့အသက်လဲ မကောင်းပါဘူး။ အဲဒါကြောင့် လင်းနို့ဝင်ရောက်လေ့ရှိတဲ့ အဆောက်အအုံရောင်လျှံပေါက်တွေမှာ သံဆန်ခါတပ်တဲ့လုပ်ငန်းကို လုပ်သွားမှာဖြစ်ပါတယ်။ စုစုပေါင်း ရှေးဟောင်းအဆောက်အအုံ ရှစ်ခုမှာ ဆောင်ရွက်သွားမှာပါ"ဟု ဦးမြင့်နိုင်က ပြောပြ၍ သိရသည်။

ASH

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and Daw Kyu Kyu Hla visit retired senior military officers and their wives who will attend the 78th Anniversary Armed Forces Day parade

**Nay Pyi Taw March 26**

Retired senior military officers and their wives who will attend the 78th Anniversary Armed Forces Day parade on 27 March are now temporarily staying at Bayingnaung Yeiktha in Nay Pyi Taw.

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla paid a courtesy call on them this evening.

During the visits the Senior General and wife cordially greeted them individually and looked into the requirements after inquiring about their health and social needs.

The Senior General also discussed political developments of Myanmar, strengthening of genuine disciplined multiparty democracy, harmonious efforts of government, Tatmadaw and people to build a Union based on democracy and federalism, all-round efforts for national development, perpetuation of language, religion, cultural heritage, and production of efficient human resources, endeavours centred on interest of nation and people, preservation and conveying of the fine traditions of Tatmadaw, and programs to constantly fulfill food, clothing and shelter needs of Tatmadaw members and their families. Retired senior military officers expressed their pleasure to attend the Armed Forces Day parade and recognition of endeavours to shoulder the State duties in multi sectors without overlooking any areas and gave counsel. 100



Senior General Min Aung Hlaing and Daw Kyu Kyu Hla cordially converse with Lt-Gen Ye Myint (Retired) and wife.



Senior General Min Aung Hlaing and Daw Kyu Kyu Hla visit Lt-Gen Kyaw Than (Retired).



Senior General Min Aung Hlaing and Daw Kyu Kyu Hla cordially greet Lt-Gen Tin Aye (Retired).



Senior General Min Aung Hlaing and Daw Kyu Kyu Hla meet Lt-Gen Aung Htwe (Retired) and wife.



Senior General Min Aung Hlaing and Daw Kyu Kyu Hla meet Maj-Gen Sein Htwa (Retired) and wife.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including school-teachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myeik border trade camp handles more than US1.9 billion worth of trade value till Feb-end in 2023


Myeik border trade camp seen with commodities.

**Nay Pyi Taw March 26**

Myeik border trade camp handled more than US$1.9 billion worth of trade value from April 2022 to February 2023 in the 2022-23 fiscal year, said deputy director U Ohn Than of Trade Policy Branch of the Trade Department.

The camp managed US$26.71 million worth of export goods and US$96.01 million worth of import goods, totalling US$122.72 million during the period.

"A plan was schemed for US$50 million worth of export goods and US$90 million worth of import goods, totalling US$140 million. So far, the camp has met the target accounting for 87.61 per cent," said the deputy director.

Myeik border camp exports fish layers, fish meal, oyster shells, onion, rubber and other crops and imports fuel, construction materials and industrial products from Thailand.

Myanmar operates border trade camps along Myanmar-Thai border area such as Myawady, Tachileik, Kawthoung, Myeik, Htikhee, Mawtaung and Meisei camps to undertakes border trade measures.

ASH

# Black bean weighing 700,000 tonnes to be sent to Indian market as from 2023-24 FY

**Nay Pyi Taw March 26**

As from 2023-24 fiscal year, Myanmar will send 700,000 tonnes of black bean to Indian market, said U Htet Aung Win, deputy director of Trade Development Branch of the Myanmar Trade Promotion Organization.

Myanmar set an aim to earn more than US$520 million in export of 700,000 tonnes of black bean to the Indian market in the set period.

"In exporting black bean, we can fetch US$750 per tonnes in the Indian market as from April of the 2023-24 fiscal year. As Myanmar competes with Mozambique in selling black bean in the Indian market, we have set a target to export 700,000 tonnes of black bean to the market in coming fiscal year. Among various species of beans, Myanmar earns the largest amount of income from export of black bean. Recently, Bayintnaung brokerage in Yangon managed more than K60,000 per basket of black bean which may be equal to more than K1.8 million per tonnes," said U Htet Aung Win.

Some 20 per cent of croplands are under pulses and beans in Myanmar, 72 per cent of which are croplands for black bean, green gram and pigeon pea in addition to chickpea, kidney bean, butter bean, rice bean, cowpea, horse gram and others.

During the period from 1 April 2022 to February 2023, export of beans earned more than US$1.27 billion.

ASH


Various beans for sale at a market.

# Plan underway to grow more than 100,000 saplings in coming monsoon in Magway Region

**Magway March 26**

More than 100,000 saplings will be grown in Magway Region in coming 2023 monsoon of the 2022-23 fiscal year, said head of Pwintbyu Township Forest Department U Aung Maw.

These saplings will be placed in Pwintbyu Township in June of coming monsoon of the 2023-24 fiscal year.

In so doing, more than 40,000 shade trees will be distributed to the local people for managing lush and green environment and 10,5000 saplings for establishment of 700 acres of community-owned firewood plants in Pwintbyu Township and 600 bamboo saplings for establishment of three-acre of bamboo plantation for local usage in the irrigated area of Mezali diversion dam area.

"Aimed at ensuring lush and green natural environment in Pwintbyu Township of Magway Region, more than 40,000 saplings for shade trees will be distributed to the local people in Magway Region. Moreover, a plan was set to grow more than 100,000 saplings so as to establish a community-owned firewood plantation. In addition, 600 bamboo saplings are being nurtured at the Myoma nursery to grow three-acre bamboo plantation for local consumption. We will grow shade trees such as teak, neem, rain tree, eucalyptus, star-flower, white jute and so on," said U Myint Sein.

The Forest Department distributes saplings to the local people yearly for improving the forests, greening the rural manufacturing roads and establishing the rural firewood plantations.

ASH

# Lebanon time zones: Partial clock change causes confusion

**Beirut March 26**

People in Lebanon have woken up in two rival time zones, amid a row between political and religious authorities over when clocks should go forward.

Caretaker Prime Minister Najib Mikati announced that daylight saving would begin at the end of Ramadan next month, allowing Muslims to break their daily fast earlier.

But Christian authorities said they would change the clocks on the last Sunday in March, as happens most years.

Many businesses have followed suit.

The dispute illustrates deep divisions in a country where Christian and Muslim factions waged a civil war in the late 1970s and 1980s, and where political positions are shared between religious groups.

On Thursday Mr Mikati, a Sunni Muslim, announced his decision to delay the start of daylight saving until midnight on 20 April.

He did not give a reason for the move, but many commentators regard it as a way to boost his popularity during Ramadan. The Muslim holy month began on 22 March and ends on 21 April.

If the time remains unchanged, Muslims will be able to break their fast an hour earlier, at around 18:00 instead of 19:00, the time the sun sets.

BBC

# Deadly Mississippi tornado brings devastation to US state

**Mississippi March 26**

At least 26 people have died in Mississippi and Alabama after a tornado tore through the southern US states.

Search and rescue efforts are continuing, and the Mississippi state government has declared a state of emergency.

In Rolling Fork, crushed cars, bricks and glass litter the streets - the town has been almost entirely wiped out.

One resident told the BBC he was lucky to survive after seeking shelter in his bath tub.

Approaching the neighbourhood in western Sharkey County, there is little indication of anything unusual.

The lush farmland that surrounds it is completely untouched, the trees aren't even bent out of shape by wind.

Then, suddenly, you see the houses that were in the tornado's path.

They have been totally obliterated.

In this rural town of only 2,000 people, where one fifth of residents live below the poverty line, dozens of buildings have been flattened by the fury of the tornado.

BBC


One Rolling Fork local tries to salvage items from a car.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဆလိုဗက်ကီးယားက AH-1Z Viper ၁၂ စင်းနှင့် Hellfire II ဒုံးကျည်များပံ့ပိုးပေးရန် အမေရိကန်ထံ ကမ်းလှမ်း



ဆလိုဗက်ကီးယားနိုင်ငံသည် ၎င်း၏ တပ်မတော်သို့ AH-1Z Viper တိုက်ခိုက်ရေးရဟတ်ယာဉ် ၁၂ စင်းနှင့် AGM-114 Hellfire II ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များပံ့ပိုးပေးရန် အမေရိကန်ထံ ကမ်းလှမ်းထားကြောင်း မတ် ၂၃ ရက်တွင် ဆလိုဗက်ကီးယား ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။

ဆလိုဗက်ကီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Jaroslav Nad က နိုင်ငံလေတပ်တွင် အသုံးမပြုတော့သည့် MiG-29 Fulcrums တိုက်လေယာဉ် ၁၃ စင်းနှင့် Kub(SA-6 Gainful) လေကြောင်းရန် ကာကွယ်ရေးစနစ်များအတွက် ပြန်လည်ပေးအပ်သော လျော်ကြေးငွေများထဲမှ တစ်စိတ်တစ်ပိုင်းအနေဖြင့် အဆိုပါ ကမ်းလှမ်းမှုတွင် AH-1Z Viper တိုက်ခိုက်ရေးရဟတ်ယာဉ်အသစ် ၁၂ စင်း၊ ဆက်စပ်ပစ္စည်းများ၊ လေယာဉ်မှူးများနှင့် နည်းပညာရှင်များကို လေ့ကျင့်ပေးခြင်းနှင့် ခေတ်မီဆန်းပြားသော AGM-114 Hellfire II ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များနှင့်အတူပေးအပ်နိုင်ရေး ပါဝင်သည်။

"ဒီကမ်းလှမ်းချက်ဟာ အလွန်အကျိုးရှိပြီး ဆလိုဗက်ကီးယားနိုင်ငံရဲ့ ကာကွယ်ရေးစွမ်းအားအလားအလာကို သိသာထင်ရှားစွာ တိုးမြှင့်လာစေမှာပါ။ လောလောဆယ် ကျွန်တော်တို့မှာ တိုက်ခိုက်ရေးရဟတ်ယာဉ်တွေမရှိသေးတဲ့အတွက် ဒါဟာ တိုက်ခိုက်ရေးစွမ်းဆောင်ရည်သစ် ပိုင်ဆိုင်လာမှာလဲဖြစ်ပါတယ်"ဟု ဆလိုဗက်ကီးယား ကာကွယ်ရေးဝန်ကြီး Jaroslav Nad က ပြောကြားသည်။

ဤကမ်းလှမ်းမှု၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရှိသည်။ ၎င်းတို့အနက် အမေရိကန်ဒေါ်လာသန်း ၆၆၀ ခန့်ကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏ နိုင်ငံခြားစစ်ဘက်ဆိုင်ရာ ဘဏ္ဍာငွေ (FMF) အစီအစဉ်မှ ဆလိုဗက်ကီးယားနိုင်ငံသို့ ပေးအပ်မည်ဖြစ်သည်။ သဘောတူညီချက်အရ ဆလိုဗက်ကီးယားနိုင်ငံသည် လာမည့်သုံးနှစ်မှ လေးနှစ်အတွင်း ကာကွယ်ရေးဘတ်ဂျက်မှ ဒေါ်လာသန်း ၃၄၀ ပေးချေမည်ဖြစ်သည်။ ကမ်းလှမ်းချက်နှင့်ပတ်သက်၍ နှစ်နိုင်ငံအစိုးရကြား သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်နေသည်။

AH-1Z Viper သည် AH-1W Super Cobra ကိုအခြေခံ၍ ထုတ်လုပ်ထားသော အင်ဂျင်နှစ်လုံးတပ်တိုက်ခိုက်ရေးရဟတ်ယာဉ်ဖြစ်သည်။ ၎င်းသည် Bell UH-1 Huey ရဟတ်ယာဉ်အမျိုးအစားအုပ်တွင် နောက်ဆုံးထုတ်လည်းဖြစ်ကြောင်း သိရသည်။

AH-1Z Viper သည် အမေရိကန်မရိန်းတပ်ဖွဲ့များ (USMC) ကိုယ်စား H-1 အဆင့်မြှင့်တင်မှုအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၁၉၉၀ ပြည့်နှစ်နှင့်၂၀၀၀ ပြည့်နှစ်အတွင်း တီထွင်ထုတ်လုပ်ခဲ့သည်။ ၎င်းသည် အခြေခံအားဖြင့် AH-1W ရဟတ်ယာဉ်များကို အဆင့်မြှင့်တင်ခဲ့ခြင်းဖြစ်ပြီး ကနဦးအစက ပြန်လည်တည်ဆောက်ရေးစီမံကိန်းတစ်ရပ်အဖြစ် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ AH-1Z နှင့် Bell UH-1Y Venom အထွေထွေသုံးရဟတ်ယာဉ်များသည် အများအားဖြင့် Tailboom အင်ဂျင်များ၊ ရဟတ်စနစ်၊ အမောင်းသင်လေ့ကျင့်ရေး၊ လေကြောင်းဗိသုကာ၊ ဆော့ဖ်ဝဲ၊ ထိန်းချုပ်မှုများနှင့် ပုံဖော်ပြမှုစနစ်များ အစရှိသည့် အစိတ်အပိုင်းများအားလုံး ၈၄ ရာခိုင်နှုန်းကျော် တူညီသည်။ ထို့ပြင် ၎င်းတွင် ရဟတ်လေးခု၊ Bearingless၊ ပေါင်းစပ်ပင်မရဟတ်စနစ်၊ အဆင့်မြှင့်တင်ထားသော ဂီယာနှင့် ပစ်မှတ်ရှာဖွေထောက်လှမ်းရေးစနစ်နှင့် အခြားတိုးတက်မှုများပါရှိလာသည်။ ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၈ ရက်တွင် AH-1Z ရဟတ်ယာဉ်သည် ပထမဆုံးပျံသန်းမှုကို ပြုလုပ်နိုင်ခဲ့သည်။ အရေအတွက်နည်းနည်းဖြင့် ကနဦးထုတ်လုပ်မှုကို ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် စတင်နိုင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ် စက်တင်ဘာ ၃၀ ရက်တွင် အမေရိကန်မရိန်းတပ်ဖွဲ့မှ AH-1Z ရဟတ်ယာဉ်သည် တိုက်ပွဲဝင်အသင့်တပ်ဖြန့်အသုံးပြုနိုင်ခဲ့ပြီဟု ကြေညာခဲ့သည်။ ၎င်းသည် ၂၀၂၀ပြည့်နှစ် အောက်တိုဘာလအတွင်း ယခင် AH-1W Super Cobra များနေရာတွင် အပြည့်အဝအစားထိုးအသုံးပြုနိုင်ခဲ့သည်။ ၎င်းသည် အမေရိကန်မရိန်းတပ်ဖွဲ့ (USMC)အထူးစစ်ဆင်ရေးအဆင့်အားလုံးကို ပံ့ပိုးပေးနိုင်သည့် လေကြောင်းတိုက်ခိုက်ရေးအုပ်၏ အဓိကကျသော စွမ်းအားစုတစ်ရပ်ဖြစ်လာခဲ့သည်။ စတင်မိတ်ဆက်ချိန်မှစ၍ အမေရိကန်မရိန်းတပ်ဖွဲ့ (USMC) သည် Link 16 Datalink ဆက်သွယ်ရေးစနစ်နှင့် AGM-179A Joint Air to Ground Missile (JAGM) ဒုံးကျည်များ တပ်ဆင်ခြင်းကဲ့သို့ အဆင့်မြှင့်တင်မှုများ လုပ်ဆောင်ခဲ့ကြသည်။

**Slovakia receives offer of 12 new AH-1Z Viper attack helicopters and Hellfire II missiles from the United States ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားက ခေတ်မီလက်နက်များသယ်ဆောင်နိုင်ရန် Tu-160M ဗုံးကြဲလေယာဉ်ကို အဆင့်မြှင့်တင်ခဲ့

ရုရှားနိုင်ငံပိုင် Rostec ကော်ပိုရေးရှင်းက Tu-160M မဟာဗျူဟာမြောက်ဒုံးကျည်တင်ဆောင်သည့် ဗုံးကြဲလေယာဉ်ကိုအဆင့်မြှင့်တင်မှုသည် ခေတ်မီလက်နက်များအပါအဝင် လက်နက်အသစ်များ သယ်ဆောင်နိုင်မည်ဖြစ်ကြောင်း ကာဇန်မြို့ရှိ Gorbunov လေယာဉ်စက်ရုံညွှန်ကြားရေးမှူးချုပ် Sergey Chemezov ၏ ခရီးစဉ်အပြီး မတ် ၂၄ ရက်တွင် ပြောကြားသည်။

Rostec သည် အဆင့်မြှင့်တင်ထားသော Tu-160M ဗုံးကြဲလေယာဉ်များထုတ်လုပ်မှုကို ပြန်လည်စတင်ရန် ရုရှားသမ္မတ ဗလာဒီမာပူတင်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဆင့်မြှင့်တင်ထားသောလေယာဉ်များသည် တိုက်ခိုက်ရေးစွမ်းရည်များကို တိုးမြှင့်လုပ်ဆောင်လာနိုင်မည့် အလားအလာရှိသည်။ ဗုံးကြဲလေယာဉ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ခေတ်မီလက်နက်များအပါအဝင် လက်နက်စနစ်အမျိုးအစားသစ်များကို အသုံးပြုလုပ်ဆောင်လာနိုင်မည်ဖြစ်သည်ဟု Rostec ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Gorbunov လေယာဉ်စက်ရုံသည် အဆိုပါဗုံးကြဲလေယာဉ်များထုတ်လုပ်မှုကို အရှိန်မြှင့်လုပ်ဆောင်နေကြောင်း Chemezov က ပြောကြားခဲ့သည်။

"Rostec အနေနဲ့ မဟာဗျူဟာမြောက်လေကြောင်းပျံသန်းမှုရဲ့ အမှတ်အသားဖြစ်တဲ့ နာမည်ကျော်ငန်းဖြူကြီးတွေ ထုတ်လုပ်မှုကို အရှိန်မြှင့်လုပ်ဆောင်နေပါတယ်။ သူတို့ဟာ ထူးခြားတဲ့လေကြောင်းစွမ်းအားစုတွေဖြစ်ပြီး အမြင်ပန်းလှပြီး သူတို့ရဲ့ စွမ်းဆောင်ရည်အရ ကြောက်မက်ဖွယ်ကောင်းလွန်းပါတယ်"ဟု Chemezov က ထုတ်ပြန်ချက်တွင် ပြောကြားထားသည်။

ထို့ပြင် Rostec အနေဖြင့် အရပ်ဘက်လေကြောင်းလိုင်းသုံး Tu-214 လေယာဉ်ကို တစ်နှစ်လျှင် ၁၀ စင်းထိ တိုးမြှင့်ထုတ်လုပ်နေသည်ဟု ၎င်းကဆိုသည်။

Tu-160M အဖြစ် အဆင့်မြှင့်ထားသော Tu-160 ဗုံးကြဲလေယာဉ်များ ပြန်လည်ထုတ်လုပ်ရေးအစီအစဉ်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်၏ ဆုံးဖြတ်ချက်ဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။

အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရုရှားစက်မှုလုပ်ငန်း၊ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် Tupolev ဒီဇိုင်းဗျူရိုတို့ကြားစာချုပ်အရ Tu-160M အတွက် ဒီဇိုင်းစာရွက်စာတမ်းများကို အချိန်တိုအတွင်း ဒစ်ဂျစ်တယ်အသွင်ပြောင်းခဲ့ပြီး တိုက်တေနီယမ်အစိတ်အပိုင်းများအတွက် ဖုန်စုပ်ဂဟေဆော်ခြင်းနည်းပညာကို ပြန်လည်ထုတ်လုပ်ခဲ့ခြင်း၊ လေယာဉ်ကိုယ်ထည်များ ထုတ်လုပ်ခြင်း၊ အများစုမှာ Rostec



ကော်ပိုရေးရှင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော သံမဏိထုတ်လုပ်မှု၊ လေကြောင်းနှင့် စက်တည်ဆောက်မှုနယ်ပယ်များတွင် အဆင့်မြှင့်ကုမ္ပဏီများကြား ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

Tu-160 M ဗုံးကြဲလေယာဉ်သည် စစ်ဘက်ဆိုင်ရာ လေကြောင်းသမိုင်းတွင် အကြီးမားဆုံးနှင့် အစွမ်းထက်ဆုံး Supersonic ဗုံးကြဲလေယာဉ်ဖြစ်ပြီး အမျိုးမျိုးသော တောင်ပံပုံသဏ္ဌာန်ဖြင့် ပြောင်းလဲပျံသန်းနိုင်သည်။ အသစ်တည်ဆောက်ထားသော ဒုတိယမဟာဗျူဟာမြောက်ဗုံးကြဲလေယာဉ်တစ်စင်းကို လေယာဉ်စမ်းသပ်ရေးစခန်းတစ်ခုသို့ စေလွှတ်ခဲ့ကြောင်းနှင့် တတိယလေယာဉ်ကို ယခုအခါ တည်ဆောက်နေဆဲဖြစ်ကြောင်း TASS သတင်းဌာန၏ အစီရင်ခံချက်များအရ သိရသည်။

**Upgrade of Tu-160M bomber to allow it to use advanced weapons-Rostec ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဟုမ္မလင်းဒေသထွက် လက်ဖက်အစိုတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ထိ ဈေးကောင်းရရှိ



**ဟုမ္မလင်း မတ် ၂၆**

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင် ဟုမ္မလင်းဒေသမှ ထွက်ရှိသော လက်ဖက်အစို ဈေးကွက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ထိ ဈေးကောင်း ရရှိနေကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။

ယခင်နှစ်က ဟုမ္မလင်းမြို့နယ် ဒေသမှထွက်ရှိသော လက်ဖက်အစိုဈေးကွက်အနေဖြင့် လက်ဖက်အစိုတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဈေးရှိခဲ့ပြီး ယခုနှစ် ယခုလက်ရှိတွင် လက်ဖက်အစိုတစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဈေးရရှိကြောင်း သိရသည်။

"လက်ဖက်ဈေးကွက်က မနှစ်ကထက် ဈေးပိုရနေတယ်။ ပွဲလမ်းသဘင်တွေ များတာကြောင့်ပါ။ ဒီဒေသမှာက လက်ဖက်ကို ပွဲလမ်းသဘင်တွေမှာ အသုံးပြုတာများပါတယ်"ဟု ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ဟုမ္မလင်းဒေသမှ ထွက်ရှိသော လက်ဖက်ကို ဟုမ္မလင်းမြို့နယ် အနီးတစ်ဝိုက်၊ ကလေး၊ တမူး၊ မော်လိုက်၊ မုံရွာ၊ မန္တလေးဈေးကွက်များသို့ တင်ပို့ရောင်းချရကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် လက်ဖက်စိုက်ပျိုးမှု အနေဖြင့် မော်လိုက် ခရိုင်တွင် ၂၉၀ ဧက၊ ခန္တီးခရိုင်တွင် ၂၈၁ ဧက၊ ဟုမ္မလင်း ခရိုင်တွင် ၉၄၂၈ ဧက၊ နာဂဒေသတွင် ၉၄၄ ဧက၊ ကသာခရိုင်တွင် ၄၈၇ ဧက၊ ကောလင်းခရိုင်တွင် ၅၆၄ ဧက စုစုပေါင်းဧက ၁၁၉၉၄ ဧကတို့ဖြစ်ကြောင်း၊ လက်ဖက်စိုက် တောင်သူများအနေဖြင့် လက်ဖက်အထွက်နှုန်းကောင်းမွန်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ဖက်ပညာရှင်များက တောင်သူများနှင့် တွေ့ဆုံ၍ နည်းပညာများ ပို့ချပေးလျက်ရှိကြောင်း သိရသည်။

ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် လက်ဖက်ခူးရာသီမရောက်မီ ကိုင်းဖြတ်၊ ပုံသွင်းခြင်းနှင့် ပေါင်းရှင်းခြင်းစနစ်တကျဆောင်ရွက်ရေး၊ ပေါင်းရှင်းရာတွင် ပေါင်းသတ်ဆေးများအလွန်အကျွံမသုံးစွဲရေးနှင့် လုပ်သားရှားပါက စက်ကိရိယာအသုံးပြု၍ ဆောင်ရွက်ရေး လက်ဖက်စိုက်ခင်းများသို့ ကွင်းဆင်းဆွေးနွေးပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# နမ္မတူမြို့နယ် မန်ဆာလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ္မတူ မတ် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မန်ဆာလုံကျေးရွာအုပ်စု မန်ဆာလုံကျေးရွာနှင့် မန်ဆာအွမ်ကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မန်ဆာလုံကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းဆိုင်လှိုင်က ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၃ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာစီမံကိန်းကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဒုတိယအကြိမ်အဖြစ် မန်ဆာလုံကျေးရွာနှင့် မန်ဆာအွမ်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မြောက်ဦးမြို့နယ် ဘာညိုကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မြောက်ဦး မတ် ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘာညိုကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်၊ မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစော၊ ခရိုင်မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ ဘာညိုကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန် ဆွေးနွေးမှာကြားခဲ့သည်။

မြောက်ဦးမြို့နယ် ဘာညိုကျေးရွာ၌ အလျားပေ ၁၀၀၊ အနံပေ ၁၀၀ နှင့် အမြင့်ခြောက်ပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် အရှည်ပေ ၆၀၀ ရှိ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် တာရာလင်းလက်ထွန်းကုမ္ပဏီမှ တာဝန်ယူ၍ ၂၀၂၂ ခုနှစ် မေလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ အိမ်ခြေ ၂၈၆ အိမ်မှ လူ ၁၃၂၀ ဦးနှင့် ကျွဲနွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။ **ကိုသန်း**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၆-၃-၂၀၂၃

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၇၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၀၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၁၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၆၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မာရဝိဇယရုပ်ပွားတော်မြတ်ကြီးတွင်ထားရှိမည့် ပန်းချီကားများ ရေးဆွဲပြီးစီးမှု အခြေအနေကို ပြည်ထောင်စုဝန်ကြီး ဦးကိုကို ကြည့်ရှုစစ်ဆေး



**မန္တလေး မတ် ၂၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး) ဌာနခွဲရှိ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ အနုပညာအထက်တန်းကျောင်းရှိ ပန်းချီ၊ ပန်းပုဌာနနှင့် ပုသိမ်ကြီးမြို့နယ် ရွှေစာရံရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) တို့တွင် ရေးဆွဲလျက်ရှိသည့် နေပြည်တော်၌ တည်ထားကိုးကွယ်မည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ် အတွင်းရှိ ဂန္ဓကုဋိတိုက်များ၌ ထားရှိမည့် ပန်းချီကားများ ရေးဆွဲနေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်တို့က ပန်းချီကားများ ရေးဆွဲပြီးစီးနေမှုနှင့် ဆက်လက်ရေးဆွဲနေမှုအခြေအနေများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက နေပြည်တော်၌ တည်ထားကိုးကွယ်မည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် အကြီးဆုံးဖြစ်လာမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူဖြစ်ကြောင်း၊ အဆိုပါဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်တွင် ထားရှိမည့် ဆီဆေးပန်းချီကားများဖြစ်သည့်အတွက် ရေးဆွဲသောပန်းချီကားများကို ရေရှည်တည်တံ့ခိုင်မြဲနေအောင် နိုင်ငံတကာအဆင့်မီ ဆေးအမျိုးအစားများကို အသုံးပြုသွားရန်နှင့် ဆေးသားပြည့်ပြည့်ဝဝသုံးစွဲသွားရန် လိုအပ်ကြောင်း၊ အဆင့်အတန်းမီ လက်ရာကောင်းမွန်သော ပန်းချီကားများဖြစ်ရန်လည်း လိုအပ်ကြောင်း၊ ပန်းချီကားများ အချိန်မီပြီးစီးရေး၊ ပန်းချီအနုပညာလက်ရာများ ပိုမိုကောင်းမွန်ပြည့်စုံရေးနှင့် ရေးဆွဲပြီးသော ပန်းချီကားများနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

အနုပညာ အထက်တန်းကျောင်း (မန္တလေး)သည် ဆီဆေးပန်းချီကား ၁၆ ချပ်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သည် ဆီဆေးပန်းချီကား ၂၄ ချပ်ကို တာဝန်ယူရေးဆွဲပေးလျက်ရှိကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ဂန္ဓကုဋိတိုက် ၂၄ လုံးအတွင်း၌ ထားရှိမည့် မြန်မာတို့၏ ရှေးထုံးအစဉ်အလာနှင့်အညီ နိပါတ်တော်ပန်းချီကားများအဖြစ် ထည့်သွင်းထားရှိရန်အတွက် ဗုဒ္ဓဝင်ဆီဆေးပန်းချီကား ၉၆ ချပ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အစိုးရဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ကို ယနေ့၌ ဆက်လက်ကျင်းပရာ နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့တွင် စာဖြေစာရင်း သွင်း ၁၂၅၇၃ ပါး၊ ဦး အနက် ၉၆၀၀ ပါး၊ ဦးဖြေဆိုကြသဖြင့် ၇၆ ဒသမ ၃၅ ရာခိုင်နှုန်း ဖြေဆိုခဲ့ကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## မတ် ၂၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦးတွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၇၃ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၉၅ ဦး |

**နေပြည်တော် မတ် ၂၆**

မတ် ၂၅ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၇၉၄ ခုကိုစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် တစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့်ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# ဈေးကွက်၏ယုံကြည်မှုကို ထုတ်ကုန်၏စံချိန်စံညွှန်းသေချာကောင်းမွန်မှုအာမခံချက်ဖြင့် တည်ဆောက်ကြရမည်

**နေပြည်တော် မတ် ၂၆**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် မတ် ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ပိုးစစ်ဆေးရေးဓာတ်ခွဲခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဈေးကွက်၏ယုံကြည်မှုကို ထုတ်ကုန်၏ စံချိန်စံညွှန်းသေချာကောင်းမွန်မှု အာမခံချက်ဖြင့် တည်ဆောက်ကြရမည်ဖြစ်၍ ဓာတ်ခွဲခန်းများ၏ကဏ္ဍသည် အရေးပါသည့် လုပ်ငန်းရပ်တစ်ခုဖြစ်ကြောင်း၊ ပညာရှင်အရင်းအမြစ်များ တိုးပွားရေး၊ ဓာတ်ခွဲခန်းများ ခေတ်စနစ်နှင့်အညီဖြစ်စေရေး စီမံဆောင်ရွက်ကြရန်လိုကြောင်း ဓာတ်ခွဲခန်းတာဝန်ရှိသူများကို မှာကြားသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ပိုးစစ်ဆေးရေးဓာတ်ခွဲခန်းအနေဖြင့် နိုင်ငံတကာ၏ တရားဝင်အသိအမှတ်ပြု ဓာတ်ခွဲခန်း ထောက်ခံချက် (ISO/IEC 17025:2017) လက်မှတ်ကို ပဉ္စမအကြိမ်ရရှိထားပြီး ပဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်စ်ပိုး စစ်ဆေးရေးဓာတ်ခွဲခန်းလုပ်ငန်းများ၊ စစ်ဆေးရေးနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပတင်ပို့သည့် မွေးမြူရေးထွက်ကုန်များတွင် ကူးစက်ရောဂါနှင့်ဓာတ်ကြွင်းများ ပါဝင်မှုမရှိစေရေး လုပ်ငန်းများကို မြန်မာ့မွေးမြူရေး ရေထွက်ကုန်များအတွက် ဓာတုဓာတ်ကြွင်းများ စောင့်ကြည့်စစ်ဆေးမှု အမျိုးသားအဆင့်စီမံချက် (National Residue Monitoring Plan-NRMP) နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သာကေတစက်မှုဇုန်ရှိ မြန်မာရွှေဇာမဏီစက်မှုကုမ္ပဏီလီမိတက်၏ ပြည်ပပို့ကုန်ငါးတံခွန်၊ ငါးသင်းဝါ၊ ငါးရွှေ၊ ငါးခွေးရှာ၊ ငါးခေါင်းပွများ ထုပ်ပိုးမှုအဆင့်ဆင့်နှင့် အေးခဲမှု၊ ပြည်ပတင်ပို့မှုလုပ်ငန်းများကို ကြည့်ရှုအားပေးပြီး စက်ရုံအလုပ်ရုံနှင့် ငါးဖမ်းလုပ်ငန်းများအတွက် GMP/SSOP/HACCP သတ်မှတ်ချက်များ၊ ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ သက်ဆိုင်ရာ နိုင်ငံ၏ စံချိန်စံညွှန်းများ ပြည့်မီရေးနှင့် ပို့ကုန်တိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး သာကေတစက်မှုဇုန်ရှိ မြန်မာရွှေဇာမဏီစက်မှု ကုမ္ပဏီလီမိတက်၏ ပြည်ပပို့ကုန် ငါးများထုပ်ပိုးမှု အဆင့်ဆင့်ကို ကြည့်ရှုအားပေးစဉ်။

ညနေပိုင်းတွင် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် တာဝန်ရှိသူများ၊ ငါးလုပ်ငန်းရှင်များကို အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး ကမ်းနီးကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရေး၊ GAqP အပါအဝင် ခေတ်မီနည်းပညာအသုံးပြု ငါးပုစွန်မွေးမြူထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေး၊ ငါးဖမ်းရာသီသတ်မှတ်ခြင်း၊ အချို့ဒေသများတွင် လိုအပ်ချက်အရ ဇုန်များသတ်မှတ်ထိန်းသိမ်းခြင်း၊ သဘာဝငါးမျိုးပွားခြင်းကို ခေတ်မီနည်းစနစ်များအသုံးပြု၍ လေ့လာသုံးသပ်ခြင်းလုပ်ငန်းများတွင် သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကာ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မီဒီယာများက စွပ်စွဲဖော်ပြမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်




ပထမဦးဆုံးပြောချင်တာက မြဝတီကုန်သွယ်ရေးဇုန်ကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့ KNU အဖွဲ့ခွဲထွက် KKO အမည်ခံ အကြမ်းဖက်အဖွဲ့တွေက ၂၅ ရက်နေ့ နံနက် ၆ နာရီကျော်ကျော်မှာ တိုက်ခိုက်ခဲ့တာရှိပါတယ်။ ပထမဦးဆုံးပြောချင်တာက ဒီဖြစ်စဉ်က မိုက်မဲတဲ့ဖြစ်စဉ်ဖြစ်တယ်လို့ ပြောချင်ပါတယ်။ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ်မှာရှိတဲ့ ကရင်ပြည်သူလူထု၊ အဲဒီဒေသမှာရှိတဲ့ဒေသခံတွေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ ဒေသဖွံ့ဖြိုးတိုးတက်ဖို့ အဓိကမှီခိုနေတာသည် မြဝတီကုန်သွယ်ရေးစခန်းဖြစ်ပါတယ်။ မြဝတီကုန်သွယ်ရေးစခန်းသည် လုပ်ငန်းများစွာကိုလည်း ဖန်တီးပေးနိုင်တယ်။ ဒေသဖွံ့ဖြိုးရေးအတွက်လည်း ဆောင်ရွက်ပေးတဲ့နေရာ အဓိကနေရာလည်းဖြစ်ပါတယ်။ ဒီနေရာကို အဓိကတိုက်ခိုက်တာက ဆင်ခြင်မှုကင်းမဲ့တဲ့လုပ်ရပ်၊ အကြမ်းဖက်လုပ်ရပ်၊ ဒေသခံတွေနဲ့ ပြည်နယ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ပေးတဲ့လုပ်ရပ်၊ မိုက်မဲတဲ့လုပ်ရပ်လို့ ကျွန်တော်ပြောချင်ပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ရဲ့ အနောက်ဘက်မီတာ ၂၀၀ လောက်ကနေ ပစ်ခတ်တိုက်ခိုက်ခဲ့တာရှိတယ်။ ကုန်သွယ်ရေးဇုန်အဆောက်အအုံအတွင်း X-Ray စက်တွေကိုလည်း မီးရှို့ဖျက်ဆီးခဲ့တာရှိပါတယ်။ ကုန်သွယ်ရေးဇုန်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ပြန်လည်ခုခံတိုက်ခိုက်ခဲ့တယ်။ အဲဒီအချိန်မှာ ရဲတပ်ဖွဲ့ဝင် သုံးဦး၊ အကောက်ခွန်က ဝန်ထမ်းတစ်ဦး ကျဆုံးခဲ့တယ်။ အပြစ်မဲ့ပြည်သူ တစ်ဦး သေဆုံးခဲ့တာ တွေ့ရပါတယ်။ အဆက်အသွယ်ပြတ်တောက်နေတဲ့ တချို့သော ရဲတပ်ဖွဲ့ဝင်တွေလည်းရှိပါတယ်။ သေဆုံးတဲ့ ရဲတပ်ဖွဲ့ဝင်၊ အကောက်ခွန်ကဝန်ထမ်း၊ အပြစ်မဲ့ပြည်သူတွေကိုလည်း အဲဒီအဆောက်အအုံထဲမှာပဲ အလောင်းတွေကို မီးရှို့ထားတာတွေ့ရပါတယ်။ လူသားမဆန်တဲ့လုပ်ရပ်တွေ၊ စစ်ရာဇဝတ်ကျူးလွန်ခဲ့တဲ့လုပ်ရပ်ကိုလည်း တွေ့ရပါတယ်။ အခုနောက်ဆုံးအခြေအနေက မြဝတီမြို့ထဲမှာ နယ်ခြားစောင့်တပ်တွေ၊ တပ်မတော်နဲ့လုံခြုံရေးတပ်ဖွဲ့ဝင်တွေက ထိန်းသိမ်းနိုင်တဲ့ အခြေအနေတွေရှိပါတယ်။ အမှတ်(၁) တံတားကို ပြန်ဖွင့်ပါတယ်။ အသွားအလာတော့နည်းနေပါတယ်။ ဒီနေ့နံနက် ၅ နာရီခွဲတွင် ကော့ကရိတ်မှာ PDF အမည်ခံအကြမ်းဖက်တွေနဲ့ KKO အဖွဲ့တွေက ရမ်းသန်းပစ်ခတ်တဲ့အတွက် ဆောက်လုပ်ရေးရုံးရဲ့အနောက်ဘက်မှာ လက်နက်ကြီးကျည် တစ်ခုကျတယ်။ အဲဒီမှာရှိတဲ့ အပြစ်မဲ့အရပ်သားပြည်သူ အသက် ၁၄ နှစ် တစ်ယောက်သေဆုံးခဲ့တယ်။ ဒီနေ့မှာပဲ လမ်းမကြီးပေါ်မှာရှိတဲ့ ဆိတ်ဖူးတောင်နဲ့ဝက်သန်းကြားမှာ ရှိတဲ့ ရေပြွန်တံတားကိုလည်း ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ ဖြစ်စဉ်ရှိပါတယ်။ မြဝတီကုန်သွယ်ရေးဇုန်ဟာ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်တင်မကဘဲ တစ်နိုင်ငံလုံးမှာရှိတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းထဲမှာ အဓိကကုန်သွယ်ရေးစခန်းလည်းဖြစ်ပါတယ်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ စက်တင်ဘာလထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၈၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၇၁ သန်းကျော်နဲ့ စာရင်းဇယားအရ ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့တဲ့နေရာဖြစ်ပါတယ်။ မြန်မာဘက်က ကုန်သွယ်မှု ပိုငွေရရှိခဲ့တဲ့နေရာဖြစ်ပါတယ်။ ဒါ့ပြင် နယ်စပ်ကုန်သွယ်ရေးပို့ကုန်အားလုံးရဲ့ ၂၂ ဒသမ ၇ ရာခိုင်နှုန်းလောက် ပို့တဲ့နေရာဖြစ်ပါတယ်။ အဓိကပို့ကုန်တွေကို ကြည့်မယ်ဆိုရင် စိုက်ပျိုးရေးပို့ကုန်ဖြစ်တဲ့ မြေပဲ၊ ကြက်သွန်နီ၊ နှမ်း၊ ရော်ဘာ၊ ပြောင်းတို့ပို့တာပဲဖြစ်ပါတယ်။ ဒီလိုမျိုးနေရာတွေကို အကြမ်းဖက်အဖွဲ့ဝင်ရောက်တိုက်ခိုက်တာသည် ဒေသဖွံ့ဖြိုးရေးအတွက်တင်မကဘဲ တစ်နိုင်ငံလုံးမှာ ပြည်သူလူထုရဲ့ ၇၀ ရာခိုင်နှုန်းကျော်ထိ မြို့ပေါ်မှာနေတာမဟုတ်ဘဲ ရွာတွေမှာနေကြတယ်။ စိုက်ပျိုး မွေးမြူရေးကို အဓိထားလုပ်ကြတယ်။ သူတို့ရဲ့ ထွက်ကုန်တွေသည် မြဝတီကုန်သွယ်မှုဂိတ်ကနေ အများဆုံးပို့နေတဲ့ ထွက်ကုန်တွေဖြစ်ပါတယ်။ ဒါလုပ်ဆောင်ခြင်းသည် သာမန်ပြည်သူလူထုရဲ့ စားဝတ်နေရေးထမင်းအိုးကိုရိုက်ခွဲတာပါပဲ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်များနဲ့ အမြန်ဆုံးတည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်လျက်ရှိတယ်။ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်နဲ့ လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေရေးကို အဓိကခြယ်လှယ်သူအားလုံးကို ကျွန်တော်တို့အနေနဲ့ ပြတ်ပြတ်သားသားပြန်လည်ချေမှုန်းသွားမှာ ဖြစ်တယ်။ ပြည်သူလူထုကော၊ ကျန်တဲ့အဖွဲ့အစည်းများအနေနဲ့လည်း ကုန်သွယ်ရေးမှာ အဓိကကျတဲ့ သာမန်ပြည်သူလူထုရဲ့စားဝတ်နေရေးကို ထိခိုက်စေတဲ့ သာမန်ပြည်သူလူထုရဲ့ အဓိကစိုက်ပျိုးရေးထုတ်ကုန်တွေကို တင်ပို့နေတဲ့စခန်းကို နှောင့်ယှက်ခဲ့တဲ့သူများကို ပြည်သူ့ရန်သူအဖြစ် ပြတ်ပြတ်သားသားချေမှုန်းတဲ့နေရာမှာ ပူးပေါင်းပါဝင်ကြဖို့ ကျွန်တော်အနေနဲ့တိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။





# မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီက သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် ယာဉ်အသင်းများကို လုပ်အားယှဉ်ပြိုင်ဆု၊ လုပ်အားဆုကြေးငွေကျပ် သိန်း ၃၀၀၀ ကျော် ချီးမြှင့်ပေးနိုင်ခဲ့

**မန္တလေး မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေး လုပ်ငန်းကော်မတီက ကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းပြေးဆွဲခဲ့သည့် ယာဉ်အသင်းများအနက် စည်းကြပ်ခပေးသွင်းမှု သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် ယာဉ်အသင်းများကို လုပ်အားယှဉ်ပြိုင်ဆု၊ လုပ်အားဆုကြေးများ ချီးမြှင့်ပေးခဲ့ရာ ငွေကျပ် သိန်း ၃၀၀၀ ကျော် ချီးမြှင့်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း အဆိုပါလုပ်ငန်းကော်မတီဥက္ကဋ္ဌထံမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး အဝေးပြေးယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လထိ ဘဏ္ဍာနှစ်အတွင်း ယာဉ်လိုင်းပြေးဆွဲခဲ့သည့် ယာဉ်အသင်းများအနက်မှ စည်းကြပ်ခပေးသွင်းမှု၊ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် ယာဉ်အသင်း ၁၅၅ သင်းကို လုပ်အားယှဉ်ပြိုင်ဆု၊ လုပ်အားဆုကြေး ငွေကျပ်သိန်း ၂၅၀ ကျော် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ချီးမြှင့်ပေးရာတွင် တွက်ချက်မှုအနေဖြင့် ပြေးဆွဲခရီးမိုင် ၅၀ အောက် အသင်းများအနက် စည်းကြပ်ခပေးသွင်း ငွေကျပ် သုံးသိန်းနှင့်အထက် ပေးသွင်းသည့်အသင်းများ၊ ခရီးမိုင် ၁၀၀ အောက် အသင်းများအနက် စည်းကြပ်ခပေးသွင်း ငွေကျပ် ငါးသိန်းနှင့်အထက် ပေးသွင်းသည့်အသင်းများ၊ ခရီးမိုင် ၁၀၀ အထက် အသင်းများအနက် စည်းကြပ်ခပေးသွင်း ငွေကျပ် ခုနစ်သိန်းနှင့်အထက် ပေးသွင်းသည့်အသင်းများကို စည်းကြပ်ခပေးသွင်း ငွေ၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ပြန်လည်တွက်ချက်ပေးအပ်ခြင်းဖြစ်ကြောင်း၊ ပထမ၊ ဒုတိယ၊ တတိယဆုရယာဉ်အသင်းများကို ဆုကြေးရရှိငွေ၏ နှစ်ဆ တွက်ချက်ချီးမြှင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးကျော်**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောရကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပပြုလုပ်



ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး တို့က တောရကျောင်းလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၂၆**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သော တောရကျောင်းလမ်း လမ်းအကျယ် ၁၈ ပေ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဖွင့်ပွဲကို ရခိုင်မင်္ဂလာစည်တော် တီးခတ်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းဖွင့်ပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကတ္တရာလမ်းသစ်သည် အမ်းခရိုင် အမ်းမြို့ လေယာဉ်ကွင်းရပ်ကွက်မှ အောက်ရွာကျေးရွာထိ ဆက်သွယ်ဖောက်လုပ်ထားပြီး လမ်းအကျယ် ၁၈ ပေရှိကာ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ခွင့်ပြုရန်ပုံငွေ ၁၇၇ ဒသမ ၉၁၂ သန်း အကုန်အကျခံကာ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့က နွေစပါးစံပြစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၂၆**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် အမ်းမြို့နယ် အောက်ရွာကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက တောင်သူ ဦးဇော်မျိုးထက်၏လယ်ယာမြေ၌ စိုက်ပျိုးထားရှိသော နွေစပါးအထွက်နှုန်းတိုးတက်ရေး ၁၀ ဧကစံပြစိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)က စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၂၆**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)က ဦးစီးကျင်းပသည့် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)တို့၌ ပြုလုပ်သည်။

အဆိုပါ သွေးလှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါက်တာ သန်းထွန်းဦးနှင့် ဦးမင်းမြတ်ဦး၊ အထွေထွေအတွင်းရေးမှူး ဦးထင်ကျော်မိုး၊ တိုင်းဒေသကြီးနှင့် ခရိုင်မြို့နယ် အလုပ်အမှုဆောင်များ၊ မြို့နယ်အသီးသီးမှ အသင်းဝင်သွေးအလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် သွေးအလှူရှင်များက တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ သွေးပုလင်း ၆၀၊ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)သို့ သွေးပုလင်း ၂၀ စုစုပေါင်းသွေးပုလင်း အလုံး ၈၀ တို့ကိုလှူဒါန်းကြရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ သွေးလှူဒါန်းသူတစ်ဦးကို တာဝန်ရှိသူများက အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။



(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပစဉ်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၆**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျပန်းစကားပြောပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင် ၁၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မတ် ၂၂ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်း ကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဖျာပုံမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း မျောပါလျက်ရှိသည့် ကျားဖောင်လုပ်သားများကို ကူညီကယ်ဆယ်





လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျားဖောင်လုပ်သားများကို ကျန်းမာရေးစစ်ဆေးကုသခြင်းများဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ကျွေးမွေးစဉ်။

**နေပြည်တော် မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၏ အရှေ့တောင်ဘက် မိုင် ၄၀ ခန့်အကွာရှိ မြန်မာ့ပင်လယ်ပြင်အတွင်း ရေထဲမျောပါနေသည့် ကျားဖောင်လုပ်သား သုံးဦးကို ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် ရတနာရေနံစင်အထောက်အကူပြုရေယာဉ်က ကယ်ဆယ်ပေးခဲ့ပြီး ယနေ့ညနေ ၃ နာရီခန့်တွင် စစ်ရေယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်ကာ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျားဖောင်လုပ်သား သုံးဦးသည် မတ် ၂၅ ရက် ည ၁၀ နာရီခန့်တွင် ဖျာပုံမြစ်ဝမှ ၁၀ မိုင်ခန့်အကွာရှိ ကျားဖောင်ပေါ်တွင် ကျားဖောင်လုပ်ငန်းလုပ်ကိုင်နေစဉ် လှိုင်းလေပြင်းထန်သဖြင့် ကျားဖောင်တိမ်မှောက်ကာ ရေထဲသို့ မျောပါခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျားဖောင်လုပ်သားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရတနာရေနံစင်အထောက်အကူပြုရေယာဉ်ပေါ်မှ စစ်ရေယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ကျွေးမွေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက မြဝတီကုန်သွယ်ရေးဇုန်ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦးတို့ သေဆုံး

**နေပြည်တော် မတ် ၂၆**

KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ကုန်စည်စီးဆင်းမှုကို နှောင့်နှေးကြန့်ကြာစေရန်နှင့် ဒေသခံပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် ရည်ရွယ်၍ မတ် ၂၅ ရက်တွင် မြဝတီကုန်သွယ်ရေးဇုန်ကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများ လုပ်ဆောင်လာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းထိန်းသိမ်းသိမ်းဖြင့် တုံ့ပြန်တိုက်ခိုက်ခဲ့ပြီး လုံခြုံရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ဖြစ်စဉ်မှာ မြဝတီကုန်သွယ်ရေးဇုန်ကို မတ် ၂၅ ရက် နံနက် ၆ နာရီခွဲခန့်တွင် KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကုန်သွယ်ရေးဇုန်၏ အနောက်ဘက်မီတာ ၂၀၀ ခန့် အကွာမှနေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် လုံခြုံရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ သည် တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေး သွားခဲ့သည်။ အကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ လာရောက် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဌာနဆိုင်ရာ ဝန်ထမ်း တစ်ဦးနှင့်ဒေသခံပြည်သူ တစ်ဦး သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ကျဆုံးဒဏ်ရာများ ရရှိခဲ့ကာ ကုန်သွယ်ရေးဇုန် အဆောက်အအုံနှင့် X-Rayစက်တို့ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော နေရာများသို့ ရည်ရွယ်ချက်ရှိစွာဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာ ကွန်ဗင်းရှင်းများနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့အရ စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် တုံ့ပြန်မှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။








KKO(ခွဲထွက်)အဖွဲ့နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက မြဝတီကုန်သွယ်ရေးဇုန်ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ကုန်သွယ်ရေးဇုန်အဆောက်အအုံနှင့် X-Ray စက်တို့ မီးလောင်ပျက်စီးခဲ့မှုမှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင်ပြစ်မှုနှင့် သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၂/တောင်ရပ်ကွက်နေ ထက်ရှိုင်းအောင်(ခ) ရဲဘော်ရှိုင်းအောင် သည် ၎င်းအသုံးပြုသည့် "Htet Shine Aung" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မြောက်မက်ဆီဒိုးနီးယားနိုင်ငံတွင် သတ္တုမိုင်းတွင်းလုပ်ကွက်များမှ စွန့်ပစ်အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ပေါ်



**ဂျိုနီဗာ မတ် ၂၆**

မြောက်မက်ဆီဒိုးနီးယားနိုင်ငံ လိုဂျန်နီနယ်မြေတွင် သတ္တုမိုင်းတွင်းတူးဖော်ရေးလုပ်ကွက်များမှ ထွက်ပေါ်လာသည့် အညစ်အကြေးများကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများဖြစ်ပေါ်နေသလို အနီးရှိ ဒေသခံများ၏ကျန်းမာရေး လုံခြုံမှုကို ခြိမ်းခြောက်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ITV သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

လိုဂျန်နီနယ်မြေရှိ သတ္တုမိုင်းတွင်းမှ အညစ်အကြေးများ ပျံ့နှံ့နေသည့် ဧရိယာအနီးတွင် စာသင်ကျောင်းရှိနေပြီး ၎င်းအညစ်အကြေးများကြောင့် စာသင်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ ၄၀၀ ကျော်၏ ကျန်းမာရေးလုံခြုံမှုမှာ စိုးရိမ်ဖွယ်ရာအခြေအနေဖြစ်နေကြောင်း၊ မြောက်မက်ဆီဒိုးနီးယား အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် အဆိုပါအညစ်အကြေးများကို အမြန်ဆုံးရှင်းလင်းဖယ်ရှားကာ ပတ်ဝန်းကျင်သန့်စင်ရေးလုပ်ငန်းများကို ဆောင်ရွက်သင့်ကြောင်း အဆိုပါစာသင်ကျောင်းရှိ ပထဝီဘာသာသင်ကြားပေးသည့်ဆရာ ဇမ်ဘီရီက ပြောကြားခဲ့သည်။

"သတ္တုမိုင်းတွင်း လုပ်ကွက်အဟောင်းမှာ စွန့်ပစ်အညစ်အကြေးကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ သတ္တုမိုင်းတွင်းလုပ်ကွက်အနီးဝန်းကျင် ဧရိယာတော်တော်များများမှာ အညစ်အကြေးတွေကြောင့် နယ်မြေတစ်ခုလုံး အဝါရောင်သန်းနေတယ်။ အပင်တွေပေါက်ရောက်နိုင်တာလဲ မရှိတော့ဘူး။ မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်နေတယ်။ ကျောင်းသားတွေကိုတော့ အဲဒီဧရိယာအနီး မသွားဖို့ တင်းတင်းကြပ်ကြပ်တားမြစ်ထားပါတယ်။ အာဏာပိုင်အဖွဲ့အစည်းကိုလဲ အညစ်အကြေးတွေ ဖယ်ရှားရှင်းလင်းပေးဖို့ တောင်းဆိုထားတယ်။ ဒါပေမဲ့ အခုချိန်ထိ ဖယ်ရှားပေးတာမရှိသေးဘူး။ အခု ဒီကျောင်းမှာ စာသင်နေတဲ့ ဆရာ၊ ဆရာမတွေကော၊ ကျောင်းသား၊ ကျောင်းသူတွေကော ကျန်းမာရေးလုံခြုံမှုမရှိတော့ဘူး"ဟု ဇမ်ဘီရီက ITV သတင်းဌာနသို့ ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# အာဖဂန်နစ္စတန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်

**ကဘူးလ် မတ် ၂၆**

အာဖဂန်နစ္စတန်နိုင်ငံတွင် မတ် ၂၄ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မတ် ၂၅ ရက်တွင် စီရင်စုကိုးစုတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေကြောင်း အာဖဂန်နစ္စတန် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ANI သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ သုံးဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ခုနစ်ဦးရှိခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် စီရင်စုကိုးစုတွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် အိမ် ၇၅၆ လုံး ရှိကြောင်း အာဖဂန်နစ္စတန် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မတ် ၂၅ ရက်မှာ စတင်ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုကြောင့် စီရင်စုကိုးစုမှာ ရေဘေးသင့်ပြည်သူတွေ တော်တော်များနေပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ အိမ်ခြေ ၇၅၆ လုံး ရှိနေတယ်။ သေဆုံးသူ သုံးယောက်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ခုနစ်ယောက်ရှိခဲ့တယ်။ လမ်းမကြီးတချို့ ရေမြုပ်သွားတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးတွေ အခက်အခဲရှိနေတယ်။ အခြေခံအဆောက်အအုံ တော်တော်များများလဲ ပျက်စီးခဲ့တယ်။ တခြားစီရင်စုတွေမှာတော့ ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့အခြေအနေမဟုတ်ပေမဲ့လဲ စီရင်စုကိုးစုမှာတော့ ရေဘေးအန္တရာယ်တော်တော်လေးကို ဆိုးရွားပါတယ်။ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတဲ့အတွက် ကယ်ဆယ်ရေးဝန်ထမ်းတွေစေလွှတ်ပြီး ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်"ဟု အာဖဂန်နစ္စတန် အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ရာဟီမီက ပြောကြားသည်။

ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာ ရင်ဆိုင်နေရသည့် စီရင်စုကိုးစုများမှာ ဘော့ဟ်စီရင်စု၊ ဗာဘူလ်စီရင်စု၊ ဖာယက်ဘ်စီရင်စု၊ ယူရက်ဂန်စီရင်စု၊ နင်မ်ရို့စီရင်စု၊ နန်ဂါဟာစီရင်စု၊ ကူနာစီရင်စု၊ နူရစ္စတန်စီရင်စုနှင့် လက်မန်းစီရင်စုတို့ဖြစ်ကြောင်း အာဖဂန်နစ္စတန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# အလာဘားမားပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ၂၆ ဦးသေဆုံးပြီး ၁၂ ဦးဒဏ်ရာရရှိ

**နယူးယောက် မတ် ၂၆**

အမေရိကန်နိုင်ငံ တောင်ပိုင်း အလာဘားမားပြည်နယ် မစ္စစ္စပီမြစ်ဝကျွန်းပေါ်ဒေသရှိ Rolling Fork မြို့တွင် မတ် ၂၄ ရက် ည ၈ နာရီ မိနစ် ၅၀ ခန့်က အင်အားပြင်းမုန်တိုင်းနှင့်အတူ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အနည်းဆုံး လူ ၂၆ ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖက်ဒရယ်အာဏာပိုင်များ၏ သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ ABC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်မှုကြောင့် အဆိုပါဒေသတစ်လျှောက် မိုင် ၉၀ ကျော် မုန်တိုင်းဒဏ် ခံစားခဲ့ရပြီး ပြင်းထန်သောပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"မုန်တိုင်းကြောင့် အမေရိကန်နိုင်ငံသားတွေ ထိခိုက်ခံစားနေရတာကို သိပါတယ်။ နိုင်ငံသားတွေကို ကူညီနိုင်ဖို့အတွက် ပထမဆုံးအရေးပေါ်ကယ်ဆယ်ရေးလုပ်ဆောင်နေတဲ့ဝန်ထမ်းတွေကို အရင်ပံ့ပိုးသွားမှာပါ"ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က မတ် ၂၅ ရက်တွင် ပြောကြားခဲ့သည်။



ပြည်နယ်တစ်ဝန်းတွင် လေဆင်နှာမောင်းနှင့်ပတ်သက်၍ သတိပေးချက်များ ဆက်တိုက်ထုတ်ပြန်ခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မစ္စစ္စပီဒေသအရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ အမိမြေလုံခြုံရေးဌာနအနေဖြင့် မစ္စစ္စပီဒေသခံများအတွက် ဖြစ်နိုင်သမျှနည်းလမ်းများကိုအသုံးပြု၍ ကူညီပံ့ပိုးရေးလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမိမြေလုံခြုံရေးဝန်ကြီး Alejandro Mayorkas က တွစ်တာတွင် ပြောကြားခဲ့ကြောင်း သိရသည်။ AZH

# Khulns ပြည်နယ်တွင် လေထုညစ်ညမ်းမှုကြောင့် အဆုတ်ရောင်ရောဂါဖြစ်ပွားသူ မြင့်တက်လာ

**ဒါကာ မတ် ၂၆**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ Khulns ပြည်နယ်တွင် လေထုညစ်ညမ်းမှုကြောင့် အဆုတ်ရောင်ရောဂါဖြစ်ပွားသူမြင့်တက်လာကြောင်း ကျွမ်းကျင်သူများ၏ အဆိုကိုကိုးကား၍ Dhaka Tribune သတင်းဌာနက မတ် ၂၅ ရက်တွင် ရေးသားဖော်ပြထားသည်။

Khulnsပြည်နယ်တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ဖုန်မှုန့်များ၊ ယာဉ်ဟောင်းများမှ မီးခိုးငွေ့များနှင့် မသန့်ရှင်းသောလောင်စာဆီများ အသုံးပြုမှုကြောင့် လေထုညစ်ညမ်းမှု အဓိကဖြစ်ပွားလျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနမှ အကြီးတန်းဓာတုဗေဒပညာရှင် Tanvir Haydar က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် Khulns ပြည်နယ်အပါအဝင် အခြားမြို့ကြီးအချို့တွင်လည်း လေထုအရည်အသွေးသည် ဆက်လက်ဆိုးရွားလျက်ရှိပြီး ဒေသခံများအတွက် ကျန်းမာရေးအန္တရာယ်များ ရှိနေသဖြင့် Khulns မြို့ကို ကျန်းမာသောမြို့တစ်မြို့အဖြစ် ပြောင်းလဲရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ပြီးခဲ့သော တစ်နှစ်ခန့်မှစ၍ စီမံကိန်းတစ်ခုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Khulns မြို့တော် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် ၂၀၀၇ ခုနှစ်မှစ၍ မြို့တော်ကို ကျန်းမာရေးနှင့်ညီညွတ်စေရန် လုပ်ဆောင်ခဲ့ကြသော်လည်း လေထုညစ်ညမ်းမှုက အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ်အဖြစ် အဟန့်အတားဖြစ်နေကြောင်း Tanvir Haydar က ပြောကြားသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် မြို့တွင်းလေထုညစ်ညမ်းမှုအဆင့်ကို နေ့စဉ်တိုင်းတာပေးလျက်ရှိရာ မတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လေထုညစ်ညမ်းမှု သိသိသာသာဆိုးရွားခဲ့ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုမရှိကြောင်း ထုတ်ပြန်ခဲ့သည်။

လေထုညစ်ညမ်းမှုကြောင့် နာတာရှည်လေပြွန်ကျဉ်းရောဂါနှင့် ပန်းနာရင်ကျပ်ရောဂါဖြစ်ပွားသူ တိုးလာသဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သုတေသန ဆောင်ရွက်ရန်လိုအပ်ကြောင်း Khulns Medical College မှ အသက်ရှူလမ်းကြောင်းဆိုင်ရာ ဆေးပညာဌာနမှ ဒေါက်တာ Md Khosruk Alam က ပြောကြားသည်။ AZH

# စပိန်နိုင်ငံတွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံ ၁၇၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းရန်ညွှန်ကြား

**မက်ဒရစ် မတ် ၂၆**

စပိန်နိုင်ငံ ဗလန်စီယာနယ်မြေတွင် မတ် ၂၄ ရက်မှစ၍ တောမီးလောင်ကျွမ်းခဲ့ပြီး မတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် နေအိမ်များဆီသို့ အဆိုပါတောမီးကူးစက်လာသည့်အတွက် ဗလန်စီယာအာဏာပိုင်အဖွဲ့အစည်းက တောမီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားနေသော ဧရိယာတွင် နေထိုင်သည့်ဒေသခံ ၁၇၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားခဲ့ကြောင်း Marca သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ မတ်၂၅ ရက်ကတည်းက အာဏာပိုင်အဖွဲ့အစည်းက ဒေသခံများကို လိုအပ်လာပါက ဘေးလွတ်ရာရွှေ့ပြောင်းရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ညွှန်ကြားထားခြင်းကြောင့် ဒေသခံများအနေဖြင့် အန္တရာယ်မရှိဘဲ ဘေးလွတ်ရာရွှေ့ပြောင်းနိုင်ခဲ့ကြကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဟက်တာ ၄၀၀၀ ကျော်ပျက်စီးခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများမှာ ဗလန်စီယာနယ်မြေအပြင် အာရာဂွန်နယ်မြေမှ ဒေသခံများလည်း ပါဝင်နေကြောင်း သိရသည်။

"တောမီးကူးစက်လောင်ကျွမ်းမှုက ထိတ်လန့်စရာကောင်းပါတယ်။ ကိုယ့်မြို့၊ ကိုယ့်ရွာမီးလောင်ကျွမ်းနေသလို အသက်အန္တရာယ်ကိုလဲ ခြိမ်းခြောက်နေတဲ့ ခံစားချက်က တော်တော်လေးဆိုးပါတယ်။ အသက်အန္တရာယ်ကိုခြိမ်းခြောက်နေတဲ့အတွက် ကိုယ်လွတ်ရုန်းပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတယ်။ အိမ်မွေးတိရစ္ဆာန်တွေကျန်ရစ်ခဲ့တယ်။ ကယ်ဆယ်ရေးဝန်ထမ်းတွေအနေနဲ့ ကျွန်တော်တို့ကို အိမ်မွေးတိရစ္ဆာန်တွေနဲ့ပတ်သက်ပြီး ဘာညွှန်ကြားချက်မှလဲမပေးသလို ကူညီပေးဖို့လဲ ဘာမှလုပ်ဆောင်နေတာမတွေ့ရပါဘူး"ဟု ဒေသခံ အန်တိုနီယိုက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း စပိန်နိုင်ငံအတွက် ပထမဆုံးတောမီးလောင်ကျွမ်းမှုတွင် ပျက်စီးဆုံးရှုံးမှုမြင့်မားလာဖွယ်ရှိနေပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံများကိုလည်း အိမ်မွေးတိရစ္ဆာန်များကို ဂရုမစိုက်နိုင်တော့ဘဲ မိမိတို့၏အသက်အန္တရာယ်မရှိစေရေးအတွက်သာ ဦးစားပေးခဲ့ရသည်။ **ခိုင်းဆက်**

0w Mv M @

# တစ်ဝက်လျှော့နေသောခွက်များ

ယဉ်ယဉ်(ရွှေဆယ်မြေ)



(၁)

"ဟွန်း အနံ့ကလဲ တထောင်းထောင်းနဲ့ ခဏလေး ရှူမိတဲ့သူတောင်မူးတယ်။ အတူစီးနေတဲ့သူတော့ ဘယ်လိုနေတယ်မသိဘူး"

ရွံစရာအနံ့တစ်ခုလို ရှုံ့တွပြောနေတဲ့ သူငယ်ချင်းဖြစ်သူ မေရီလင်းကို ခိုင်ဇင်ဖြူကြည့်ပြီး ပြုံးလိုက်မိတယ်။

"မနံပါဘူး မေရီရယ် ရေမွှေးနံ့လေးက သင်းကြိုင်နေတာပါ။ နင်ပြောသလောက်လဲ မဆိုးပါဘူးဟယ်။ သင်းသင်းလေးမွှေးပျံ့သွားတာပါ"

"အမယ်လေး နင်ပဲ အဲဒီအနံ့ကို သဘောတကျ ရှူနေသေး။ ဒီလောက်ပြင်းတဲ့အနံ့ကို မူးတောင်လဲချင်တယ်"

သူငယ်ချင်းဖြစ်သူရဲ့အပြောကို ဇင်ဖြူဘာမှထပ်မပြောတော့။ ဒီသူငယ်ချင်းနဲ့ဇင်ဖြူဆိုတာ ငယ်ငယ်လေးကတည်းက အတူသွား၊ အတူစား ကြီးပြင်းလာကြတာမလို့ အကြောင်းကသိနေပြီ။ အခုလဲ ကျူရှင်အဆင်းဘေးနားက သမီးရည်းစားအတွဲ စက်ဘီးဖြတ်နင်းသွားရင်းရတဲ့ ရေမွှေးနံ့ကို သရုပ်ခွဲနေကြခြင်းသာ။ မေရီ့အကျင့်က လူတစ်ယောက်ကို ဘယ်သောအခါမှ ကောင်းတဲ့ဘက်ကမပြော။ သဘောလဲကောင်းပုံရလျက်နဲ့ အဲဒီအကျင့်ဟာ ဝသီလိုဖြစ်နေလားမသိ။ တအားခင်ကြတဲ့ သူငယ်ချင်းဖြစ်တာကြောင့် တော်ရုံအတိုက်အခံမပြော။ ပြောမိရင်လဲ ငါ့စကားနွားရ ငြင်းလို့မပြီးတော့။ ဒါကြောင့် တော်ရုံငြင်းရတော့မဲ့ကိစ္စဆို ဇင်ဖြူနှုတ်ပိတ်တာနဲ့ ရှောင်ရှားရတာအခါခါ။

(၂)

ညနေခင်းဆို မေရီတို့အိမ်ရှေ့ကနေ ဖြတ်သွားဖြတ်လာ လူပေါင်းစုံကိုထိုင်ငေးလို့ရတယ်။ အချက်အချာကျတဲ့နေရာဖြစ်တာကြောင့် လူလဲစည်ကားတယ်။ အလယ်တန်းကျောင်းသူဘဝကတည်းက ဇင်ဖြူအလည်ရောက်တာနဲ့ အိမ်ပေါက်ဝထွက်ထိုင်ပြီး လမ်းပေါ်ကလူတွေကိုငေးလိုက် သူငယ်ချင်းနဲ့ တောင်စဉ်ရေမရ စကားတွေပြောလိုက်ကြ။

"ဟယ် မေရီ ဟိုအစ်မကြီးက ချောလိုက်တာနော်။ ဝတ်ထားတဲ့ဝမ်းဆက်လေးနဲ့ လှလိုက်တာဟယ်"

"အမယ်လေး လူအထင်ကြီးအောင် ပြင်ထား၊ ဝတ်ထားတာပါ။ သူ့မှာ အကြွေးတွေက ပတ်ချာလည်ဝိုင်းလို့။ ရည်းစားတွေထားပြီး ချူစားနေတဲ့ မိန်းမတဲ့။ ငါ့ အစ်မပြောပြတာ အထင်ကြီးမနေနဲ့"

ရည်းစားကို ချူစားနေတာဆိုတဲ့စကားက ဇင်ဖြူတို့အရွယ် ကလေးတွေမသိကြသေး။ ဆရာမကြီးအထာနဲ့ပြောနေတဲ့ မေရီကိုယ်တိုင်လဲ အဲဒီအချိန်က သိပုံမပေါ်။ သူ့အစ်မပြောတဲ့စကားကို တစ်ဆင့်ပြောခြင်းသာ။

"အေးပါ မေရီရယ်။ ငါက လှလို့လှတယ်ပဲ ပြောတာပါ"

"လှပေမဲ့ အကျင့်မကောင်းဘူးတဲ့ဟ"

"နင်လဲ သေချာမမြင်မသိဘဲ သူများပြောတာကြားတာမဟုတ်လား"ဆိုတဲ့စကားစုကိုတော့ ရင်ထဲမှာပဲ မျိုချလိုက်တယ်။ ဘာပဲဖြစ်ဖြစ် ဒီသူငယ်ချင်းက ဇင်ဖြူ့ရဲ့အချစ်ဆုံးသူငယ်ချင်းဖြစ်နေတယ်။

(၃)

၁၀ တန်းအောင်စာရင်းထွက်တော့ ဇင်ဖြူက စာမေးပွဲအောင်ပြီး မေရီကကျတယ်။ မိမိအောင်တာဝမ်းသာပေမဲ့ မေရီ့အတွက်စိတ်မကောင်း။ သွားအားပေးချင်ပေမဲ့လဲ တစ်မျိုးမြင်မှာစိတ်ပူမိတယ်။ တစ်ပတ်လောက်ကြာမှ မနေနိုင်တာနဲ့ မေရီ့အိမ်ဘက်ထွက်လာလိုက်တယ်။ အိမ်ဝမှာ မေရီ့အစ်မကိုတွေ့တာနဲ့-

"မေရီရှိလားအစ်မ"

"အမယ်လေး ၁၀ တန်းအောင်တာ လာကြွားတာပေါ့လေ။ ငါ့ညီမနဲ့အတူသွား၊ အတူစားကြပြီး နင်ကအောင်၊ ငါ့ညီမကကျ။ ကြွားအားရှိတာပေါ့"

ရုတ်တရက်သဘောကောင်းလှသည်ဟု ထင်မိခဲ့တဲ့ မေရီ့အစ်မဆီက ထွက်လာတဲ့စကားကြောင့် ဇင်ဖြူအံ့သြသွားမိတယ်။ အိမ်ထဲဝင်ဖို့လဲ မခေါ်တာကြောင့် အိမ်ဝမှာ ကြောင်တောင်တောင်နဲ့ ရပ်နေရတယ်။ အဲဒီအချိန်မှာပဲ အိမ်ထဲကနေ မေရီထွက်လာပြီး-

"ဟဲ့ ဇင်ဖြူ"

"ဒီနှစ် ငါမအောင်ပေမဲ့ ဘာမှဝမ်းနည်းစရာမရှိဘူးသိလား။ နောက်နှစ်အမှတ်ကောင်းကောင်းနဲ့အောင်ဖို့ ကြိုးစားရင်ရတယ်။ နင်လဲ ရိုးရိုးအောင်တာလေးကို လာကြွားမနေနဲ့"

သူငယ်ချင်းဖြစ်သူရဲ့အပြောကြောင့် ဇင်ဖြူစိတ်မကောင်းဖြစ်သွားတယ်။ တကယ်တော့ ဇင်ဖြူကြွားဖို့စိတ်ကူးကိုမရှိ။ သူငယ်ချင်းကို အားပေးချင်ရုံသာ။ အထင်လွဲနေကြပြီး အိမ်ထဲဝင်ဖို့လဲ မခေါ်တာကြောင့် ပြန်လာခဲ့ရပေမဲ့ စိတ်ထဲမကောင်း။ အဲဒီအချိန်ကတည်းက မေရီနဲ့ဇင်ဖြူအသွားအလာမရှိကြတော့။ ဇင်ဖြူ့ကို မလိုမုန်းသိတာကြောင့် ဇင်ဖြူကလဲ မသွားမိအောင် နေလိုက်တယ်။

(၄)

နောက်နှစ်မှာလဲ မေရီကျတယ်။ ဇင်ဖြူက အဝေးသင်ပထမနှစ်စတက်နေပြီ။ ဇင်ဖြူ့ကိုလဲ လမ်းတွေ့တောင် မနှုတ်ဆက်တော့။ တအားခင်လာကြပြီး အခုလိုဖြစ်သွားတော့ ဇင်ဖြူ့စိတ်ထဲမကောင်း။ ဈေးမှာ မျက်နှာချင်းဆိုင်တွေ့တာ မျက်နှာကိုချေပြီး တစ်ဖက်လှည့်ထားတဲ့ မေရီ့အစ်မကိုလဲ နှုတ်မဆက်ရဲ။ အရင်က သဘောမနောကောင်းလှတဲ့ မေရီ့မိသားစုကိုလဲ ဇင်ဖြူသံယောဇဉ်တွယ်တာမိတယ်။ မေရီ့အိမ်သွားလည်လို့ ထမင်းမစားရသေးရင်လဲ အတင်းလက်ဆေးဝင်စားခိုင်းကြတဲ့ထိ ဖော်ရွေကြတယ်။ အမြဲတမ်းဟင်းကောင်းကောင်းချက်ပြီး ချွေတာစားရတယ်မရှိအောင် ပိုပိုလျှံလျှံချက်စားတတ်ကြတယ်။ ဝေပုံကျစားရတဲ့ဇင်ဖြူ့အိမ်နဲ့ ကွာခြားလှတယ်။ အခုလိုဖြစ်သွားရတာကိုလဲ ဘာမှမတတ်နိုင်ပေမဲ့ စိတ်ထဲတော့မကောင်း။

ဒီလိုနဲ့ နှစ်နှစ်မြောက်မှာ အပြင်ကဖြေရင်း ဇီဝဗေဒဘာသာဂုဏ်ထူးဖြင့် မေရီအောင်တယ်လို့ သတင်းကြားရတယ်။ တက္ကသိုလ်မတက်ခင်ကပင် ရန်ကုန်မှာ ကွန်ပျူတာသင်တန်း၊ စာရင်းကိုင်သင်တန်း အစုံတက်တယ်။ တက္ကသိုလ်ပထမနှစ်အပြီးမှာတော့ ဇင်ဖြူ့အိမ်ကို မေရီ စပြီးလာလည်တယ်။

"ဟယ် မေရီ နင် ငါ့ဆီလာလည်တယ်။ လာလာ အိမ်ပေါ်တက်"

သူငယ်ချင်းနှစ်ယောက် ဝမ်းသာအားရစကားတွေ ပြောဖြစ်ကြပေမဲ့ မေရီက ရန်ကုန်မှာ သူတက်ခဲ့တဲ့ သင်တန်းတွေ၊ အောင်လက်မှတ်တွေအကြောင်းသာ ဦးစားပေးပြောတယ်။ ဇင်ဖြူကတော့ ဘာသင်တန်းမှ မတက်ဖူးတဲ့အပြင် တက္ကသိုလ်က ပုသိမ်မှာဆိုတော့ ရန်ကုန်တောင် မရောက်ဖူးသေး။ မေရီပြောပြတဲ့ အကြောင်းတွေ အထင်တကြီးနားထောင်ပေးတော့ စိတ်ပြန်ကြည်သွားပုံရတယ်။ ပြန်ခါနီးမှာ-

"ဇင်ဖြူရေ အိမ်လာလည်အုံးဟာ"

(၅)

ဇင်ဖြူနဲ့ မေရီ ကျောင်းပိတ်ရက်ဆို အရင်လို ပြန်တွဲဖြစ်ကြတယ်။ ဇင်ဖြူက အဝေးသင်တက်ပြီး ရုံးဌာနတစ်ခုမှာ နေ့စားဝင်လုပ်တယ်။ မေရီကျောင်းပိတ်လို့ မြို့ပြန်လာချိန်မှာ ဇင်ဖြူ့ရုံးကိုလာလည်တတ်တယ်။ အဲဒီအခါမျိုးမှာလဲ-

"ဇင်ဖြူရယ် လစာလဲမကောင်းဘဲ သူများခိုင်းဖတ်။ ငါကျောင်းပြီးရင်တော့ အပြင်ကုမ္ပဏီမှာပဲလုပ်မယ်။ လူလဲစတိုင်ကျတယ်၊ ရုံးတွေကလဲ ခမ်းနားတယ်"

"အေးပါ မေရီရယ်။ နင်ကချမ်းသာတော့ စိတ်ကြိုက်လုပ်နိုင်တာပေါ့။ ငါ့အိမ်က နင်သိတဲ့အတိုင်း မောင်နှမကခပ်များများ သိပ်ပြေလည်ကြတာမဟုတ်တော့ အိုးမကွာအိမ်မကွာ အလုပ်လေးရတာပဲ ကံကောင်းဟ"

"အေးလေ နင့်အနေအထားနဲ့ဆိုတော့လဲ ဟုတ်ပါတယ်"

မေရီပြန်သွားတော့ ဘေးခုံက ဝန်ထမ်းအစ်မက-

"ဇင်ဖြူရယ် ညည်းသူငယ်ချင်းကလေ ပြောတာဆိုတာ တင်စီးလိုက်တာအေ။ ညည်းမလို့ သည်းခံနိုင်တယ်။ ဘေးကနေကြားပြီး ကလိကလိနဲ့"

"သူက ပြောရင် အဲဒီလိုပဲ မမဆွေရေ။ စိတ်ထားကတော့ ကောင်းပါတယ်။ ဇင်ဖြူဆို ၁၀ တန်းထိ သူတို့အိမ်မှာ စားအိမ်သောက်အိမ်ပဲ"

"အေးပါအေ ညည်းသည်းခံပေါင်းလို့ ညည်းနဲ့တွဲမိတာနေမှာပေါ့။ သူ့အချိုးနဲ့ တော်ရုံပေါင်းလို့ လွယ်မယ်မထင်ပါဘူး"

မမဆွေပြောတာကို ဇင်ဖြူဘာမှပြန်မပြောတော့။ နောက်ပိုင်းမှာလဲ ရုံးကို မေရီမလာတော့။ မေရီ နောက်ဆုံးနှစ်မှာ မေရီ့အဖေဆုံးတယ်။ ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်ဆုံးပါးတယ်။ အိမ်စီးပွားရေးက မေရီ့အဖေတစ်ယောက်တည်း လုပ်နေရတာဖြစ်တယ်။ မိန်းမနဲ့ သားသမီးတွေက ဘာမှမလုပ်တတ်၊ မကိုင်တတ်ကြ။ မေရီ့အဖေနာရေးကိစ္စတွေပြီးကတည်းက ဇင်ဖြူလဲ မေရီ့အိမ်မရောက်ဖြစ်တော့။ မရောက်ဖြစ်ဆိုလဲ သူတို့အိမ်တွင်းရေးမပြေလည်တာကြောင့် အဝင်၊ အထွက် သိပ်မကြိုက်ပုံရတာကြောင့်ဖြစ်တယ်။ မေရီကလဲ ရန်ကုန်မှာပဲ ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လိုက်တယ်လို့ကြားတယ်။ မေရီ့အစ်ကိုက ဆေးစွဲနေပြီး အိမ်ကရွှေထည်ပစ္စည်းအထုပ်လိုက်မချသွားတာ ဘယ်သောင်ဘယ်ကမ်းဆိုက်မှန်းမသိပြန်ပေါ်မလာတော့။ အမေဖြစ်သူက ပစ္စည်းစိတ်ကြောင့်စိတ်အတော်ထိခိုက်ပြီး လူပါဆွဲချသလို အိုစာသွားတယ်။ နောက်နှစ်မှာပဲ မေရီ့အစ်မက လင်နောက်လိုက်ပြေးသွားတယ်။ လိုက်ပြေးတဲ့သူကလဲ သူတို့အိမ်နားမှာ ဆိုင်ကယ်ပြင်ဆိုင်လာငှားဖွင့်တဲ့သူ။ ကြားရတာက အရက်မူးလာရင် လင်က သွေးဆိုးပြီး ရိုက်နှက်တတ်တယ်။ သားတစ်ယောက်ရပြီးတဲ့နောက် ကွာပေးဖို့ကို အတော်လေးငွေကြေးပေးလိုက်ရသေးတယ်။ အထည်ကြီးပျက်တွေဖြစ်ကုန်ကြပြီး မေရီကလဲ ရန်ကုန်မှာ သူအလုပ်ဝင်နေတဲ့ကုမ္ပဏီက သူဌေးတစ်ယောက်နဲ့ ဘာလိုလိုသတင်းက တစ်ယောက်စကား တစ်ယောက်နား ပြန်ကြားရတယ်။ ဒါပေမဲ့လဲ ငါးနှစ်လောက်အကြာမှာတော့ မေရီတစ်ယောက် မြို့ကိုပြန်ရောက်လာတယ်။ အိမ်ကိုအခန်းဖွဲ့ပြီး အထည်ဆိုင်ဖွင့်ထားတယ်။

ဇင်ဖြူကတော့ ရုံးမှာ အကြီးတန်းစာရေးဖြစ်လာပြီး ရုံးက လက်ထောက်မန်နေဂျာဖြစ်တဲ့မောင်နဲ့ တွေ့ခဲ့တယ်။ မောင့်မိဘတွေကလဲ ပင်စင်စားအရာရှိဝန်ထမ်းတွေဖြစ်ပြီး ချမ်းချမ်းသာသာမဟုတ်ပေမဲ့လဲ အေးအေးဆေးဆေးနေနိုင်တယ်။ မင်္ဂလာဆောင်ခါနီး ဖိတ်စာကို မေရီ့အိမ်သွားဖိတ်တော့-

"ဇင်ဖြူရယ် နင်လဲ ရွေးစရာအတော်ရှားတယ်နော်။ ဘူဘူချင်းမှတ်ယူတော့ ဒီလိုဘဝက ဘယ်တက်ပါ့မလဲ။ ငါတော့ ငါ့ကို ချမ်းချမ်းသာသာထားနိုင်မဲ့ ယောကျ်ားမဟုတ်ရင် ယူကိုမယူဘူး"

ဇင်ဖြူနည်းနည်းတော့ စိတ်တိုသွားမိတယ်။

"မေရီရယ် လောကမှာ လူချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့က အဓိကပါတယ်။ မောင်က မချမ်းသာပေမဲ့လဲ မဆင်းရဲပါဘူးဟာ။ အခက်အခဲတွေရှိလဲ ဒီလိုပဲ စပြီး တည်ထောင်ရမှာပေါ့ဟာ"

စာမျက်နှာ ၂၅ သို့ ➤

# ညောင်တုန်းမြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်



**ညောင်တုန်း မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီးမအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရှမ်းစုကျေးရွာ၌ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခြင်းကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးအောင်မျိုးသူက အမှာစကားပြောကြားသည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ရခြင်းရည်ရွယ်ချက်များနှင့် ကျေးရွာက ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်တုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးအောင်မျိုးသူက ရှမ်းစုကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ညောင်တုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးအောင်မျိုးသူ၊ ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ ရှမ်းစုကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သံသာ**

➤ **စာမျက်နှာ ၂၄ မှအဆက်**

စကားပြောနေတုန်းမှာပဲ မေရီ့အစ်မက ကလေးတစ်ယောက်ကို ကျောင်းကြိုပြီး ပြန်လာတာကြောင့် ဇင်ဖြူလဲ စိတ်ပေါက်ပေါက်နဲ့-

"ဟဲ့ နင့်အစ်မ ကလေးလား။ ချစ်စရာလေးနော်"

ဇင်ဖြူ့အမေးကို မေရီက မသိချင်ယောင်ဆောင်ပြီး အခြားအကြောင်းအရာတစ်ခုဆီ စကားလမ်းကြောင်းပြောင်းလိုက်တယ်။

**(၆)**

မင်္ဂလာပွဲမှာတော့ ဇင်ဖြူ့ရုံးကလူတွေကော ဌာနချင်းဆက်စပ်နေတဲ့ ရုံးတွေကပါ လာကြတာကြောင့် အတော်လေးစည်ကားတယ်။ အနီရောင်ဂါဝန်လေးနဲ့ဇင်ဖြူ့ကို မောင်ကတော့ အနီရောင်နတ်သမီးလေးလို့တင်စားပြီး သဘောတွေကျလို့။ တစ်ခါမှ အခုလို အလှမပြင်ဘူးတော့ လူကမနေတတ်မထိုင်တတ်သလို။ မင်္ဂလာပွဲလာရောက်ချီးမြှင့်ပေးကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ မိတ်ဆွေတွေကလဲ-

"ဟယ် ဇင်ဖြူရယ် လှလိုက်တာ။ အခုလိုပြင်ထားတော့ လှလိုက်တာ။ ငါတို့ဇင်ဖြူလေးက ညိုချောလေးပဲ။ ပြင်လိုက်ဆင်လိုက်တော့ မြုပ်နေတဲ့အလှက ဘွားခနဲပဲ။ ကိုညီနိုင်တို့ ကြည့်တတ်တယ်နော်"

တကယ်တော့ အသားအနည်းငယ်ညိုတဲ့ ဇင်ဖြူက ခပ်မှိုင်းမှိုင်းအဆင်တွေ၊ အရောင်တွေပဲ ရွေးဝတ်တတ်တာကြောင့် ပိုမှိုင်းပြီး အရောင်မထွက်။ တချတ်သွေးနှောတဲ့ မောင်က မင်္ဂလာဝတ်စုံကို သူ့စိတ်တိုင်းကျ အနီရဲရဲကို ရွေးချယ်တယ်။ အသားညိုလို့ နုံ့သာရောင်တို့၊ ခဲရောင်တို့ ဇင်ဖြူက မျက်စိကျပေမဲ့ မောင်က အနီမှအနီ။ အနီဝတ်ရင် မည်းသွားမလား စိတ်ပူပြီးပြောတော့ မောင်က-

"ဖြူ့အသားက နည်းနည်းလေးညိုရုံ ညိုပေမဲ့ ဝင်းနေတာ။ ဖြူ့ဘာသာမည်းတယ်ထင်ပြီး အဘွားကြီးရောင်တွေ အမြဲဝတ်နေတာ အဘွားကြီးလေးရဲ့"

မောင့်ကို မျက်စောင်းထိုးပြီး မောင့်သဘောကျပဲရွေးဖြစ်သွားတယ်။

**(၇)**

"လာ မေရီ လာ"

မင်္ဂလာပွဲစပြီး တစ်နာရီကျော်လောက်မှာတော့ မေရီရောက်လာတယ်။ မောင်နဲ့အတူ ထွက်ကြိုပြီး နေရာချပေးဖို့ အတူလျှောက်လာတဲ့ခဏမှာပဲ-

"ဟဲ့ ဇင်ဖြူရယ် နင့်အသားကမည်းရတဲ့အထဲ အနီကြီးဝတ်ထားတော့ အသားတခြား၊ အရောင်တခြား ကြည့်ရဆိုးလိုက်တာ။ ဒီအရောင်ကိုများ ဟယ် အသားမည်း အရဲဆင်ရွေးရတယ်လို့"

ညည်သည်တွေကြားထဲ ကျယ်ကျယ်ပြောတာကြောင့် ဇင်ဖြူ့စိတ်ထဲ တင်းခနဲဖြစ်သွားမိပေမဲ့ ပြန်မဖြေရှင်းတော့။ မောင့်မျက်နှာကတော့ အပြုံးမပျက်။ မောင်က ဇင်ဖြူ့ထက် ငါးနှစ်ပိုကြီးပြီး စိတ်ကလဲ ခပ်အေးအေးသမား။ အားတဲ့အချိန်ဆို စာအုပ်တွေနဲ့ပဲ အချိန်ကုန်တတ်သူ။ မောင်ကတော့ အပြုံးမပျက်ပေမဲ့ ဇင်ဖြူ့ရင်ထဲ အတော်ကလိကလိဖြစ်မိတယ်။ အမြဲတမ်းသည်းခံလာသူဖြစ်ပေမဲ့ ဖိတ်စာဖိတ်လို့ အပြောခံရပြီးကတည်းက စိတ်ထဲဒေါသကမပြေ။ မင်္ဂလာပွဲပြီးလို့ အိမ်မှာ လက်ဖွဲ့ပစ္စည်းတွေဖောက်ကြတော့ မေရီလက်ဖွဲ့တာက အကောင်းစားတံဆိပ်အသားပေါင်းအိုးကြီး။ မောင်ကတော့ သဘောတကျပြုံးပြီး-

"အတော်ပဲ မောင်တို့အတွက် အသုံးတည့်တယ်"

"ဖြူကတော့လေ သူ့ လက်ဖွဲ့တာတောင် သုံးချင်စိတ်မရှိတော့ဘူး။ စိတ်ကုန်သွားပြီ"

အကြောင်းတွေပြောပြဖူးလို့သိနေတဲ့ မောင်ကရယ်ပြီး-

"ဘာလဲ အသားမည်းအရဲဆင်တယ်ပြောလို့ ဒေါသထွက်နေတာမလား။ သူဘာပြောပြော ခေါင်းထဲထည့်မနေနဲ့လေ။ ဒါ သူ့အကျင့်ပဲဖြူရယ် စိတ်ထဲထားမနေနဲ့။ ရော့ ဒီမှာ ရေသောက်လိုက်အုံး ဒေါသတွေပြေသွားအောင်"

မောင်က ရေတစ်ခွက်ထခပ်ပေးပြီး ဖြူ့ဆီလှမ်းပေးလိုက်တယ်။

"မသောက်ခင် ရေခွက်ထဲရေဘယ်လောက်ရှိလဲဆိုတာပြောကြည့်"

ဖြူ့လက်ထဲက ရေခွက်ကိုငုံ့ကြည့်မိတော့-

"တစ်ဝက်ပဲရှိတယ်လေမောင်"

မောင်က ပြုံးပြီး-

"မဟုတ်ဘူးဖြူရဲ့ ပြောရမယ်ဆို တစ်ဝက်ပဲရှိတယ်ဆိုတာ အဆိုးဘက်က မြင်တာ။ တကယ်ဆို ရေပြည့်ဖို့ တစ်ဝက်ပဲလိုတယ် မောင်ရဲ့လို့ ဖြေရမှာ"

မောင့်စကားကို ဖြူ အလေးအနက်ထားစဉ်းစားကြည့်မိတယ်။

မောင်က-

"လူတိုင်းမှာ အားနည်းချက်၊ အားသာချက် အကုန်ရှိကြတယ်ဖြူရဲ့။ ဖြူ့သူငယ်ချင်းလဲ ဒီလိုပဲ။ သူ့အားနည်းချက်က လူတွေအပေါ်ကို တစ်ဝက်လျော့နေတဲ့အမြင်နဲ့ပဲကြည့်တတ်တာ။ ဒါက သူ့စေတနာ သူ့အကျိုးပေးခံစားရမှာ သူ့အပိုင်း။ ဒါကို ဖြူကပါ လိုက်ခံစားဒေါသထွက်နေရင် ဖြူလဲ တစ်ဝက်လျော့အတန်းအစားထဲ ပါသွားမှာပေါ့။ ဘာဖြစ်ဖြစ် သူ ဖြူ့မင်္ဂလာပွဲကိုလာတယ်။ တန်ဖိုးရှိတဲ့လက်ဖွဲ့ ဖြူ့အတွက် စဉ်းစားပြီး ယူလာပေးတယ်။ နှုတ်ချိုပေမဲ့ အတွင်းစိတ်ကောက်ကျစ်ပြီး အကွက်ဝင်တာနဲ့ အချင်းချင်းနင်းချတတ်တဲ့သူမျိုးတွေလဲ လောကမှာတစ်ပုံကြီး။ အဲဒီလိုလူစားတွေက ပိုကြောက်ဖို့ကောင်းတာဖြူရဲ့။ အခု ဖြူ့သူငယ်ချင်းက အပြောဆိုးပြီး မနာလိုစိတ်များပေမဲ့ ဖြူ့ကို ပျက်စီးရာပျက်စီးကြောင်းထိ ဘာလုပ်ခဲ့ဖူးလဲ"

ဇင်ဖြူစဉ်းစားကြည့်တော့ ဒီလိုလဲမရှိ။

"အဲဒီလိုလဲမလုပ်ဖူးပါဘူးမောင်"

"ဒါဆိုလဲ ပါးစပ်ကနေ သူပြောတာတွေလိုက်ခံစားပြီး ဒေါသထွက်မနေနဲ့။ သူ့ဝသီနဲ့သူ မပတ်သက်ချင်ဘူးဆို နောက်ပိုင်း တတ်နိုင်သမျှ ကင်းအောင်နေ။ မုန်းနေ၊ ဒေါသထွက်နေဖို့မလိုဘူး။ လူတိုင်းအပြည့်လိုချင်ရချင်ကြတာပဲ။ ဒါပေမဲ့ တစ်ဝက်လျော့နေတဲ့ခွက်တွေနဲ့ကြုံရတဲ့အခါ ဘာမှမရှိတာနဲ့စာရင် ပြည့်ဖို့တစ်ဝက်ပဲ လိုတာပါလားတွေးတတ်ပေါင်းတတ်မှ။ ဖြူ့အမြင်ကိုသာ အကောင်းဘက်ကနေ ပြည့်ဖို့တစ်ဝက်ပဲလိုတာပါလား မြင်တွေးကြည့်လိုက်"

မောင်ပြောတဲ့စကားတွေနားထောင်ရင်း အပြောဆိုး၊ အမြင်ဆိုးငယ်ငယ်ကတည်းက ပေါင်းခဲ့တဲ့သူငယ်ချင်းရဲ့ဆိုးကွက်တွေအစား ကလေးဘဝက အဲဒီသူငယ်ချင်းနဲ့ အတူသွား၊ အတူစား နေခဲ့ဖူးတဲ့အချိန်တွေတိုင်း ချို့တဲ့သောဖြူ့ကို အကုန်အကျခံ ကျွေးမွေးခဲ့တာတွေပြန်မြင်ယောင်ပြီး သူငယ်ချင်းအပေါ် ဒေါသထွက်နေတဲ့စိတ်ကလေးက တဖြည်းဖြည်းပျောက်သွားပြီး စူပုပ်နေမိတဲ့မျက်နှာကပါ အလိုလိုကြည်လင်လာမိတော့တယ်။ တကယ်တော့လဲ မိတ်ဆွေသူငယ်ချင်းအချင်းချင်းပေါင်းသင်းဆက်ဆံရာမှာ တစ်ဖက်လူအားနည်းချက်၊ ပြစ်ချက်တွေက ကိုယ့်ကိုတစ်စုံတစ်ရာထိခိုက်ပျက်ပြားစေတာမျိုးမရှိဘူးဆိုရင် တစ်ဝက်ပဲရှိပါလား အတွေးအမြင်ထက် ပြည့်ဖို့တစ်ဝက်ပဲလိုတော့တယ်အတွေးမျိုး၊ စိတ်ထားမျိုးထားရှိပြီး ပေါင်းသင်းဆက်ဆံနိုင်ဖို့က လွယ်ကူသယောင်ထင်ရပေမဲ့လဲ လက်တွေ့မှာတော့ အဲဒီစိတ်မျိုးထားနိုင်ဖို့က အတ္တမာန်မာနထူပြောတဲ့ လူတွေကြားမှာ ခက်ခဲနေကြပြန်ပါတော့တယ်။

## နံနက်ချိန်ခါ မင်္ဂလာ

- နံနက်ချိန်ခါ အိပ်ရာထ
  ကိုယ်လက်သန့်စင်ကြ၊
  ဘုရားခန်းသို့ ဦးစွာဝင်
  ဆွမ်းတော်ကပ်ရန်ပြင်။

- မိမိစိတ်တွင် ဂုဏ်တော်ပွား
  ရင်ထဲအေးချမ်းသွား၊
  ဆီမီး ရေချမ်း ပန်းများလှူ
  ငါးပါးသီလယူ။

- စိတ်ထားဖြူစွာ ကုသိုလ်ပြု
  ကောင်းမှုအစုစု၊
  နတ်လူသာဓု ခေါ်ကြစေ
  အမျှပေးကာနေ။

- ကြေးစည်သံဝေ နံနက်ခင်း
  ဂုဏ်ကျက်သရေဝင်း၊
  သူရိန်နေမင်း ရောင်နီဖြာ
  လှပမြေကမ္ဘာ။

- ပန်းမျိုးစုံစွာ ရနံ့မွှေး
  စိတ်ချမ်းမြေ့မှုပေး
  မင်္ဂလာရှိနေသေး။ ။

**ခင်နွဲ့မူ(ပုလဲ)**

# ဟိုပန်မြို့နယ် ကျေးရွာသုံးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဟိုပန် မတ် ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေပုံလုံစွာရရှိစေရန်ရည်ရွယ်၍ ဆီပါကျိုင်း၊ ခုံကော်ကျိုင်း၊ ချိန်ဟုန်ကျိုင်းကျေးရွာတို့၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ ဟိုပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဆီပါကျိုင်း၊ ခုံကော်ကျိုင်း၊ ချိန်ဟုန်ကျိုင်းကျေးရွာတို့၌ သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်က လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဆီပါကျိုင်း၊ ခုံကော်ကျိုင်း၊ ချိန်ဟုန်ကျိုင်းကျေးရွာ သုံးရွာတွင် သောက်သုံးရေ ရရှိရေးအတွက် အရှည် ၆၉၉၆ ပေ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၃၀၀ အသုံးပြုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာသုံးရွာရှိ အိမ်ခြေ ၁၀၃ အိမ်၊ လူ ၅၄၃ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေလုံလောက်စွာရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(မျော်ဘွယ်)**

# တရုတ်-အီရတ် ကုန်သွယ်မှုအလားအလာ

မောင်စိန်အိ(နဘဲမြေ)




အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကနှင့်လက်တင်အမေရိကတို့သည် အမေရိကန်နှင့် တရုတ်တို့ကြား ကမ္ဘာလုံးဆိုင်ရာ အင်အားလွှမ်းမိုးရေးအတွက် ယှဉ်ပြိုင်ရာနေရာတစ်ခုဖြစ်လာခဲ့သည်။ အထူးသဖြင့် ၂၁ ရာစု အစပိုင်းကတည်းက အဆိုပါဒေသသည် အမေရိကန်နှင့် တရုတ်တို့၏ အင်အားပြိုင်ဆိုင်ရာနေရာတစ်ခုဖြစ်လာခဲ့သည်။ နှစ်နိုင်ငံကြား ပြိုင်ဆိုင်မှုပြင်းထန်လာသောကြောင့် တတိယနိုင်ငံများအပေါ် သက်ရောက်မှုများမှာလည်း ပိုမိုကြီးမားလာခဲ့သည်။

သမိုင်းကြောင်းတစ်လျှောက် ပြည်တွင်းစစ်များ၊ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လူမှုရေးဆိုင်ရာအကျပ်အတည်းများ အကြိမ်ကြိမ်ကြုံတွေ့ရလျက်ရှိသော အရှေ့အလယ်ပိုင်းဒေသသည် တရုတ်-အမေရိကန် ယှဉ်ပြိုင်မှုတွင် အခြားသောဒေသများနှင့်မတူညီသည့်ဒေသတစ်ခုဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံသည် ယခင်က အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သော်လည်း စစ်ရေး၊ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာဆက်ဆံရေးတို့တွင် အမေရိကန်အပြင် အရှေ့အလယ်ပိုင်းဒေသနှင့် ချိတ်ဆက်နေသော အခြားနိုင်ငံများနှင့် သိသိသာသာယှဉ်ပြိုင်လာရလျက်ရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံသည် လွန်ခဲ့သောဆယ်စုနှစ်ကျော်ကာလအတွင်း နယ်ပယ်ပေါင်းစုံတွင် အရှေ့အလယ်ပိုင်းဒေသဆိုင်ရာမူဝါဒများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ၂၀၁၃ ခုနှစ်တွင် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(BRI) စတင်အကောင်အထည်ဖော်ချိန်မှစ၍ အရှေ့အလယ်ပိုင်းဒေသတွင်း ထိတွေ့ဆက်ဆံမှုများ ပိုမိုလုပ်ဆောင်လာလျက်ရှိသည်။

ထိုအချိန်မှစ၍ တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းနိုင်ငံများ အထူးသဖြင့် အီရတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ အီရတ်၏ ပထဝီနိုင်ငံရေးဆိုင်ရာအနေအထားနှင့် ပါရှန်ပင်လယ်ကွေ့မှ ဖြတ်သန်းဆောင်ရွက်လျက်ရှိသော ၎င်း၏ကုန်သွယ်မှုသည် BRI ဆိုင်ရာ တရုတ်၏ လမ်းပြမြေပုံတွင် အရေးပါသောနေရာအဖြစ် ရပ်တည်လျက်ရှိသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ ဦးစားပေးအကျိုးစီးပွားသည် အရှေ့အလယ်ပိုင်းဒေသမှရေနံများ တင်သွင်းသွားရန်ပင်ဖြစ်သည်။ ကမ္ဘာ့ရေနံတင်သွင်းမှု အများဆုံးဖြစ်သည့် တရုတ်နိုင်ငံသည် နေ့စဉ် ရေနံစိမ်းစည် ၁၀ သန်းခန့်ဝယ်ယူရလျက်ရှိသည်။ ၎င်းပမာဏအနက် ထက်ဝက်ခန့်ကို အရှေ့အလယ်ပိုင်းနိုင်ငံများမှဝယ်ယူတင်သွင်းရလျက်ရှိသည်။ ပြည်ပမှ တင်သွင်းရသောစွမ်းအင်အပေါ် တရုတ်နိုင်ငံ၏မှီခိုနေရမှုနှင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသည် စွမ်းအင်လိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်ပေးနိုင်ခြင်းတို့သည် အဆိုပါဒေသအနေဖြင့် တရုတ်နိုင်ငံအတွက် စွမ်းအင်ဈေးကွက်ဆိုင်ရာ မရှိမဖြစ်ဒေသအဖြစ် ရပ်တည်လာတော့သည်။

စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် BRI တွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိပြီး ယခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော အဆိုပါ BRI စီမံကိန်းသည် တရုတ်နိုင်ငံကို ကုန်းလမ်းနှင့်ပင်လယ်ရေလမ်းကြောင်းတို့မှဖြတ်သန်းကာ ကမ္ဘာ့အခြားနိုင်ငံများနှင့် ဆက်သွယ်ပေးလျက်ရှိသည်။ အီရတ်သည် စွမ်းအင်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုများတွင် အရေးပါသောအစိတ်အပိုင်းမှပါဝင်လာခဲ့ပြီး ယခုနှစ်မှစ၍ BRI တွင် စွမ်းအင်ဆိုင်ရာရင်းနှီးမြှုပ်နှံမှု၌ တတိယအကြီးမားဆုံးမိတ်ဖက်နိုင်ငံအဖြစ် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လာခဲ့သည်။ ရုရှားနိုင်ငံသည် BRI တွင် စွမ်းအင်ဆိုင်ရာရင်းနှီးမြှုပ်နှံမှု၌ ပထမအများဆုံးနှင့် ပါကစ္စတန်သည် ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။

၂၀၂၂ ခုနှစ်က တရုတ်နိုင်ငံသည် အီရတ်မှ ရေနံစိမ်း ၅၅ ဒသမ ၄၉ တန်တင်သွင်းခဲ့သည်။ ထို့ကြောင့် အီရတ်သည် တရုတ်နိုင်ငံသို့ စွမ်းအင်တင်ပို့မှု ၄၇ ဒသမ ၄၉ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ရာ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၀၄ ဘီလီယံရရှိခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံတန်ဖိုးရှိသော ရေနံစိမ်းသာ တင်ပို့နိုင်ခဲ့သော်လည်း အီရတ်မှရေနံစိမ်းများတင်သွင်းခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၉ ဘီလီယံထိတင်ပို့ရောင်းချနိုင်ခဲ့သည်။ ရေနံကုန်သွယ်မှုတစ်ခုတည်းတွင် သိသိသာသာတိုးတက်လာခြင်းသည် စွမ်းအင်ဆိုင်ရာမူဝါဒများတွင် တရုတ်နှင့် အီရတ်တို့ကြား အပြန်အလှန်ဆက်ဆံရေးအရေးပါမှုများကို မီးမောင်းထိုးပြသလျက်ရှိသည်။

တရုတ်နိုင်ငံသည် အီရတ်မှရေနံများတင်သွင်းမှုအပေါ် မှီခိုနေရပြီး ၎င်းရေနံများကို ပါရှန်ပင်လယ်ကွေ့မှတစ်ဆင့် သယ်ယူလျက်ရှိသည်။ သို့သော် အရှေ့အလယ်ပိုင်းဒေသများတွင် နိုင်ငံများကြား တင်းမာမှုများ၊ ပြည်တွင်းစစ်များနှင့် အကြမ်းဖက်တိုက်ခိုက်မှုများသည် အဆိုပါဒေသတွင်းမှ တရုတ်နိုင်ငံ၏ စွမ်းအင်ထောက်ပံ့ရေးဈေးကွက်တည်ငြိမ်မှုကို ခြိမ်းခြောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ အဆိုပါပြဿနာများကို ကိုင်တွယ်ဖြေရှင်းရေးအတွက် တရုတ်နိုင်ငံသည် အီရတ်နှင့် အခြားအရှေ့အလယ်ပိုင်းနိုင်ငံများတစ်လျှောက်ရှိ ရေနံသယ်ယူပို့ဆောင်ရေးလမ်းကြောင်းတစ်လျှောက်တွင် လုံခြုံတည်ငြိမ်မှုရှိစေရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။

ဒေသတွင်းမတည်ငြိမ်မှုများသည် ရေနံဈေးနှုန်းအတက်အကျကိုလည်းဖြစ်ပေါ်စေလျက်ရှိပြီး တရုတ်နိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်မှုများဖြစ်ပေါ်လာစေနိုင်ပေသည်။ ထို့ကြောင့် အရှေ့အလယ်ပိုင်းဒေသမှ တရုတ်နိုင်ငံ၏ အဓိကမျှော်မှန်းချက်သည် အားကိုးအားထားပြုနိုင်သော ကုန်သွယ်မှုမိတ်ဖက်နိုင်ငံကို ရေရှည်ထိန်းသိမ်းထားရှိနိုင်ရေးပင်ဖြစ်သည်။ ထိုမျှော်မှန်းချက် အောင်မြင်မှုရရှိရေးအတွက် တရုတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများနှင့်ချုပ်ဆိုထားသော နှစ်နိုင်ငံသဘောတူညီချက်များနှင့်အခြေခံအဆောက်အအုံစီမံကိန်းများတွင် ဒေါ်လာဘီလီယံပေါင်းများစွာရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည်။ ၂၀၀၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း တရုတ်နိုင်ငံသည် ဆော်ဒီအာရေဗျ၊ ယူအေအီးနှင့် အီရတ်နိုင်ငံတို့တွင် အမေရိကန်ဒေါ်လာ ၁၁၄ ဘီလီယံရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအားလုံး၏ ၅၀ ရာခိုင်နှုန်းသည် BRI စတင်အကောင်အထည်ဖော်ခဲ့သော ၂၀၁၃ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ကြားကာလတွင်ဖြစ်သည်။

အီရတ်တွင် IS အဖွဲ့ကိုတိုက်ခိုက်ချေမှုန်းပြီးနောက် အီရတ်အစိုးရသည် စစ်ကြောင့်ပျက်စီးခဲ့ရသော မြို့ကြီးများပြန်လည်တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံသူများရှာဖွေခဲ့သည်။ စီးပွားရေးစွမ်းအားကန့်သတ်ချက်ရှိနေသော အီရတ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်လာရန် လိုအပ်လျက်ရှိသည်။ အထူးသဖြင့် မူဆိုး၊ ကာကွတ်နှင့် ဆာလာဒင်ကဲ့သို့သောပြည်နယ်များတွင် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရာ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် အီရတ်စီမံကိန်းဝန်ကြီးဌာနက တိုင်းပြည်အတွင်းပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် အမေရိကန်ဒေါ်လာ ၈၈ ဘီလီယံခန့်လိုအပ်သည်ဟု ခန့်မှန်းတွက်ချက်ခဲ့သည်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ချေးငွေထုတ်ပေးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ရာတွင် နာမည်ကျော်ကြားသော တရုတ်နိုင်ငံသည် အီရတ်နိုင်ငံက နီးစပ်သောဆက်ဆံရေးထူထောင်ခဲ့သောနိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် မူဆိုးအုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်သောအစီရင်ခံစာအရ ရေနံ၊ စိုက်ပျိုးရေးနှင့် အိမ်ရာလုပ်ငန်းများအပါအဝင် ကဏ္ဍများစွာတွင် ရင်းနှီးမြှုပ်နှံရန် တရုတ်ကုမ္ပဏီများကို ကမ်းလှမ်းခဲ့သည်ဟုဆိုသည်။ ထို့ပြင် ၂၀၁၉ ခုနှစ်အတွင်း အီရတ်ဝန်ကြီးချုပ် အဗ္ဗဒူမာဒီ၏ ပေကျင်းခရီးစဉ်အတွင်း တရုတ်ကုမ္ပဏီများသည် အီရတ်နိုင်ငံတစ်ဝန်းတွင် လူနေအိမ်ရာ ရှစ်သန်းခန့်တည်ဆောက်သွားမည့် စီမံကိန်းတစ်ခုကို သဘောတူညီခဲ့သည်ဟုဆိုသည်။

တရုတ်နိုင်ငံသည် အီရတ်အတွက်ဘဏ္ဍာရေးဆိုင်ရာ ရက်ရက်ရောရော ပံ့ပိုးလျက်ရှိသော်လည်း တရုတ်ဘဏ်များမှ ရင်းနှီးမြှုပ်နှံမှုများနှင့်ချေးငွေများသည် နိုင်ငံတကာအသိုက်အဝန်းတွင် နာမည်ဆိုးဖြင့်ကျော်ကြားလျက်ရှိသည်ဟုဆိုသည်။ တရုတ်နိုင်ငံ၏ ချေးငွေများသည် သီရိလင်္ကာနှင့် ဇမ်ဘီယာကဲ့သို့သော နိုင်ငံများတွင် ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိသဖြင့် အကြွေးထောင်ချောက်မိလျက်ရှိသည်ဟုပြောဆိုလျက်ရှိကြသည်။ အနောက်နိုင်ငံများသည် အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောဆိုလျက်ရှိကြသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် ဝင်ငွေနည်းနှင့်အလယ်အလတ်အဆင့် ဝင်ငွေရှိသောနိုင်ငံများသို့ ချေးငွေထောက်ပံ့ချိန်တွင် ချေးငွေပမာဏနှင့် ပံ့ပိုးကြေးပမာဏကို ပွင့်လင်းမြင်သာစွာထုတ်ပြန်ခြင်းမရှိကြောင်း အချို့သောသတင်းများက ဝေဖန်ရေးသားဖော်ပြလျက်ရှိသည်။ မည်သို့ပင်ဆိုစေ တရုတ်အစိုးရနှင့်ဆက်နွယ်သော အဖွဲ့အစည်း ၃၀၀ ခန့်သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၆၅ နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၈၄၃ ဘီလီယံ တန်ဖိုးရှိသောစီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံထားသည်ဟုဆိုသည်။

တရုတ်နိုင်ငံက ချေးငွေများထုတ်ပေးရန် ဆန္ဒရှိသော်လည်း သီရိလင်္ကာနိုင်ငံဖြစ်စဉ်ကဲ့သို့သော အနုတ်သဘောဆောင်သော သာဓကများသည် ကမ္ဘာ့နိုင်ငံများတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို ဆန့်ကျင်ကန့်ကွက်သည့်အုပ်စုများ ပိုမိုထွက်ပေါ်လာလျက်ရှိသည်ဟုဆိုသည်။ အီရတ်နိုင်ငံတွင်လည်း တရုတ်ဆန့်ကျင်ဘက်အုပ်စုများတည်ရှိနေသော်လည်း အဆိုပါအုပ်စုများသည် လက်ရှိအချိန်တွင် အင်အားအနည်းငယ်မျှသာရှိသေးသည်။ သို့သော် တရုတ်ကုမ္ပဏီများက အီရတ်တွင် ရေနံလုပ်ကွက်များ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ သဘောတူညီချက်များအပေါ်တွင်မူ ပြည်သူလူထုကစိုးရိမ်ပူပန်ကြောင်း ထုတ်ဖော်ပြောဆိုလျက်ရှိသည်။ ထို့ပြင် အစိုးရ၏အချို့သောဌာနများအနေဖြင့်လည်း တရုတ်၏ရင်းနှီးမြှုပ်နှံမှုများအပေါ် သံသယဝင်လျက်ရှိသည်။ ထို့ကြောင့် တရုတ်နှင့်အီရတ်တို့ကြား စီးပွားရေးဆိုင်ရာဆက်ဆံရေးများ တိုးတက်ကောင်းမွန်နေသည့်အချိန်တွင် လာမည့်နှစ်များ၌ အဆိုပါဆက်ဆံရေးအပေါ် ပြည်သူများ၏ ဖိအားပေးမှုများလည်း မြင့်တက်လာနိုင်ပေသည်။

စင်စင်အားဖြင့် တရုတ်နှင့် အီရတ်တို့ကြား ၁၉၅၈ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့်အချိန်မှစ၍ နှစ်နိုင်ငံဆက်ဆံရေးသည် တိုးတက်ကောင်းမွန်လျက်ရှိသည်။ သို့သော် ကုလသမဂ္ဂဆုံးဖြတ်ချက်များအရ ၁၉၉၀ ပြည့်နှစ် ပင်လယ်ကွေ့စစ်ပွဲကာလအတွင်း တရုတ်နိုင်ငံသည် စီးပွားရေး၊ ကုန်သွယ်မှုနှင့် စစ်ရေးဆိုင်ရာဖလှယ်မှုများကို ရပ်ဆိုင်းခဲ့သည်။ ပင်လယ်ကွေ့စစ်ပွဲပြီးနောက် စားနပ်ရိက္ခာအတွက် ရေနံအစီအစဉ်အရ တရုတ်နိုင်ငံသည် အီရတ်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်လုပ်ဆောင်လာခဲ့သည်။

ထို့နောက် ၂၀၀၃ ခုနှစ်က အီရတ်စစ်ပွဲကြောင့် တရုတ်-အီရတ်ဆက်ဆံရေးအပေါ် သက်ရောက်မှုများရှိခဲ့သော်လည်း စစ်ပွဲပြီးနောက် ဆက်ဆံရေးတဖြည်းဖြည်းတိုးတက်လာခဲ့သည်။ ၂၀၀၃ ခုနှစ် ဩဂုတ်လနှင့် ၂၀၀၄ ခုနှစ် မတ်လတို့တွင် အီရတ်ကြားဖြတ်အစိုးရအကြီးအကဲသည် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် အီရတ်ရှိ တရုတ်သံရုံးကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ထိုနှစ် ဒီဇင်ဘာလတွင် အီရတ်နိုင်ငံခြားရေးဝန်ကြီး ဇာဘာရီသည် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဇွန်လတွင် အီရတ်သမ္မတ ဂျာလယ်တာလာဘာနီသည် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သည်။ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများကြား နိုင်ငံရေးဆိုင်ရာ အကြံပေးရုံးများ ဖွင့်လှစ်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် အီရတ်ဝန်ကြီးချုပ် အယ်မာလီကီသည် တရုတ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် အီရတ်ရှိ တရုတ်သံရုံးသည် ကောင်စစ်နှင့်ဗီဇာဝန်ဆောင်မှုလုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အီရတ်နိုင်ငံသည် တရုတ်နိုင်ငံ၏ စတုတ္ထအကြီးမားဆုံး အာရပ်ကုန်သွယ်မှုမိတ်ဖက်နိုင်ငံဖြစ်လာခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးသည် နှစ်စဉ် ၂၃ ဒသမ ၁၃ ရာခိုင်နှုန်းတိုးတက်လျက်ရှိပြီး တရုတ်နိုင်ငံသည် နှစ်စဉ် အီရတ်မှရေနံစိမ်း ၁၃ ဒသမ ၈၇ ရာခိုင်နှုန်းတင်သွင်းလျက်ရှိသည်။

**ကိုးကား**

-China's Expanding Influence in Iraq by The Diplomat.

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်ခဲ့ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# အကောက်ခွန်သိုလှောင်ရုံသို့ထည့်သွင်းမည့် ကုန်ပစ္စည်းများအပါအဝင် ပြည်ပသွင်းကုန်ပစ္စည်းများ ဆိပ်ကမ်းသို့မရောက်မီ သွင်းကုန်လိုင်စင်ရရှိပြီးမှ တင်သွင်းခွင့်ပြုမည်



**နေပြည်တော် မတ် ၂၆**

အကောက်ခွန်သိုလှောင်ရုံသို့ ထည့်သွင်းမည့် ကုန်ပစ္စည်းများ အပါအဝင် ပြည်ပသွင်းကုန်ပစ္စည်းများ ဆိပ်ကမ်းသို့မရောက်မီ သွင်းကုန်လိုင်စင်ရရှိပြီးမှ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဦးစီးဌာန၏ သတင်းများအရ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၉)ဖြင့် ထုတ်ပြန်ထားသော အကောက်ခွန်သိုလှောင်ရုံဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေရှိစေရေးအတွက် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့် သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့် ကုန်ပစ္စည်းများအတွက် အကောက်ခွန်သိုလှောင်ရုံသို့ ထည့်သွင်းရန်တင်သွင်းလာသည့် ကုန်ပစ္စည်းများမှအပ ကျန်ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိခြင်း မရှိစေရဟု ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ပို့ကုန်၊ သွင်းကုန်သတင်းလွှာအမှတ်(၆/၂၂)ဖြင့် သက်ဆိုင်ရာဌာနများ၏ သွင်းကုန်လိုင်စင်၊ သွင်းကုန်ပါမစ် ခွင့်ပြုချက်မရရှိမီ ကုန်စည်နှင့်ကုန်ပစ္စည်းများကို ဆိပ်ကမ်းသို့ကြိုတင်ရောက်ရှိကြောင်း စစ်ဆေးတွေ့ရှိပါက ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ၂၀၂၂ ခုနှစ် ဧပြီ ၅ ရက်တွင် ထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့သော် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများကို ထိန်းကျောင်းဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ အကောက်ခွန် သိုလှောင်ရုံတွင် ကာလကြာရှည်စွာ ထည့်သွင်းသိုလှောင်ထားခြင်းကြောင့် ကုန်စည်နှင့် ကုန်ပစ္စည်းများအရည်အသွေး ထိခိုက်မှုမဖြစ်စေရေးအတွက်လည်းကောင်း အကောက်ခွန်သိုလှောင်ရုံသို့ထည့်သွင်းမည့် ကုန်စည်နှင့်ကုန်ပစ္စည်းများအပါအဝင် ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းမှု အားလုံးအတွက် ဆိပ်ကမ်းသို့မရောက်မီ သွင်းကုန်လိုင်စင်ရရှိပြီးမှသာ တင်သွင်းခွင့်ပြု ပေးသွားမည်ဖြစ်သည်။

ထို့ကြောင့် အမိန့်ကြော်ငြာစာအမှတ်(၅၀/ ၂၀၂၀)ကို ဧပြီ ၁ ရက်မှစ၍ ခြောက်လတိတိ ယာယီရပ်ဆိုင်းသွားမည်ဖြစ်ပြီး လိုအပ်ပါက သက်တမ်းတိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ SKL

# လားရှိုးမြို့နယ် ကျေးရွာနှစ်ရွာ၌ လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လားရှိုး မတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်း ကတ္တရာလမ်းခင်းခြင်းနှင့်ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကောင်းစံကျေးရွာ၌ ကတ္တရာလမ်းခင်းခြင်းနှင့် ညောင်ပင်သာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးကလမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကောင်းစံကျေးရွာ၌ အရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်းနှင့် ညောင်ပင်သာကျေးရွာ၌ အရှည်ပေ ၅၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၂၀၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းကတ္တရာလမ်းခင်းခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကြောင့် ကောင်းစံကျေးရွာနှင့် ညောင်ပင်သာကျေးရွာရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက ပြောပြ၍ သိရသည်။

**ကိုမြင့်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၁၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုမေ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈× ၂၄× ၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းမြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) | ၂၀. ၀၀ | ၅၀၀ စုံ | ၁၅၉ စုံ | ၃၄၁ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ရန်ကုန်တိုင်းဒေသကြီးတွင် ဇန်နဝါရီ ၁ ရက်မှ မတ် ၂၀ ရက်ထိ စည်းကမ်းဖောက်ဖျက်သည့် YBS ခရီးသည်တင်ယာဉ်အစီးရေ ၂၃၀၀ ကျော်ကို အရေးယူဆောင်ရွက်ထား



**ရန်ကုန် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)၏ ကြီးကြပ်မှုအောက်ရှိ YBS ကုမ္ပဏီများမှ စည်းကမ်းဖောက်ဖျက်သည့် YBS ခရီးသည်တင်ယာဉ်အစီးရေ ၂၃၀၀ ကျော်ကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ မော်တော်ယာဉ်များကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အညီ မောင်းနှင်စေရေးအတွက် YRTC ယာဉ်စည်းကမ်းထိန်းသိမ်းရေးနှင့်စစ်ဆေးရေးဌာနမှ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ လေးဖွဲ့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးစီး၍ YRTC၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာ စသည့်ပူးပေါင်းစစ်ဆေးရေးအဖွဲ့ (၃)ဖွဲ့ဖြင့် စည်းကမ်းဖောက်ဖျက်သည့် YBS ခရီးသည်တင်ယာဉ်များကို စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် YRTC ပို့ဆောင်ရေးဌာန(နည်းပညာ)၊YBO(Yangon Bus Operator) ဌာနကလည်း YBS ခရီးသည်တင်ယာဉ်များပေါ်၌ Telematics Device များ တပ်ဆင်၍ Control Center မှ ထိန်းချုပ်ကာ စည်းကမ်းဖောက်ဖျက်သည့် YBS ခရီးသည်တင်ယာဉ်များကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ အဆိုပါ ဆောင်ရွက်မှုများအရ ဇန်နဝါရီ ၁ ရက်မှ မတ် ၂၀ ရက်ထိ စည်းကမ်းဖောက်ဖျက်သည့် YBS ခရီးသည်တင်ယာဉ် ၂၃၉၈ စီးကို စစ်ဆေးအရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စည်းကမ်းဖောက်ဖျက်သည့် YBS ခရီးသည်ယာဉ်များတွင် မှတ်သားဖမ်းဆီးမှု ၉၂၅ စီး၊ တိုင်ကြားမှု ၁၉၇ စီး၊ Facebookအမှု တစ်စီး၊ မီးနီဖြတ်မောင်းနှင်မှု ၇၇၂ စီး၊ သတ်မှတ်ကီလိုမီတာအထက် ကျော်လွန်မောင်းနှင်မှု ၅၅ စီး၊ သတ်မှတ် လမ်းကြောင်းအတိုင်း မမောင်းနှင်မှု လေးစီး၊ မဆင်မခြင်မောင်းနှင်မှု ကိုးစီး၊ သီးခြားအမှု ၃၁၅ စီး၊ နယ်ကျော်မောင်းနှင်မှု တစ်စီး၊ ရပ်နားချိန် ကြာမြင့်မှု ၁၈ စီးနှင့် ယာဉ်တစ်စီးနှင့်တစ်စီး ကျော်တက်မောင်းနှင်မှု ၁၀၁ စီး စုစုပေါင်း ၂၃၉၈ စီးပါဝင်ကြောင်း၊ ယခုအခါ ရန်ကုန်မြို့ YBS ခရီးသည်တင်ယာဉ်လိုင်းများတွင် ခရီးသည်စီးနင်းလိုက်ပါမှု တိုးတက်များပြားလာနေသဖြင့် YBS ခရီးသည်တင်ယာဉ်များ ခရီးသည်ရရှိစေရေး၊ ခေါက်ရေတိုးမြှင့်ပြေးဆွဲပေးနိုင်ရေး၊ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ခရီးသည်များနှင့် မော်တော်ယာဉ်များယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာဆောင်ရွက်မှုရှိစေရေးနှင့်အန္တရာယ်ကင်းရှင်းစေရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၃၃၆)

# တာချီလိတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**တာချီလိတ် မတ် ၂၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ် ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေနှင့် တာဝန်ရှိသူများက နားယောင်းကျေးရွာအုပ်စု ဝမ်ကောင်း(လားဟူ)ကျေးရွာနှင့် နားယောင်း(လားဟူ)ကျေးရွာတို့တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှလှသင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသရာ ပြည်နယ်ဦးစီးမှူးက ကျေးရွာတွင်းလမ်းများ ရေရှည်တည်တံ့စေရေးအတွက် ပြင်ဆင်ထိန်းသိမ်းရေးကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

တာချီလိတ်မြို့နယ် ဝမ်ကောင်း(လားဟူ)ကျေးရွာတွင် အရှည် ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၇၀ ဖြင့်လည်းကောင်း၊ နားယောင်း(လားဟူ) ကျေးရွာတွင် အရှည် ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို VDP ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၇၀ တို့ဖြင့်လည်းကောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**






**Fluoride** ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

# ထာဝရလှပသော အပြုံးအတွက်

# DENTOMEC

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၆၈၀၀၀၀
KHA YAE PIN MART - မဝ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၀၀၉၀၇၇



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော



" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "



# ရတနာပုံ ခန်းမ

**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ မင်္ဂလာဆောင်ပွဲများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ် ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာ ကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။

ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။



(တတိယ)မြောက် လက်ရာ

## ဆရာကြီး ဦးခင်မောင်ဝင်း ၏

## "လို-တို-ရှင်း" သမထ ဝိပဿနာ လက်တွေ့ကျင့်စဉ်ကျမ်း

(ဆိုက်ကြီး စာအုပ်) ထွက်ပါပြီ။

ရန်ကုန် - မန္တလေး - နေပြည်တော် စာအုပ် ဆိုင်ကြီးများတွင် ရနိုင်ပါပြီ။

ဖြန့်ချီရေး ⇨ သုဇာဝင်းစာပေ 09-788889 458, 09-26250 1188


**ပျောက်ဆုံးကြောင်း**

မဟာအောင်မြေမြို့နယ်နေ နှယ်နှယ်ဝင်း (ဘ) ဦးဆုံးရွှေ (၉/မဟမ(နိုင်)၀၃၆၄၃၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

ပြည်ကြီးတံခွန်မြို့နယ်နေ စိုင်းစံမိုး (ဘ) ဦးလှမိုး (၉/ပကခ(နိုင်) ၁၁၇၅၇၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

**ပျောက်ဆုံးကြောင်း**

မိုင်းရှူးမြို့နေ ဖောင်မြင့်နိုင် (၁၃/မနန(ပြု)၀၀၀၂၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

**ပျောက်ဆုံးကြောင်း**

ဒီပဲယင်းမြို့နယ်နေ အေးအောင်လင်း (ဘ) ဦးစက်အောင် (၅/ဒပယ(နိုင်)၁၆၁၁၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

## စာအုပ်စာပေ လှူမိတ်ဆွေ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သက်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုဒ္ဓနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
**Email Address – accm@accm.gov.mm။**
**Website Address – http://www.accm.gov.mm**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဖြတ်သန်းခဲ့ရသည့် သမိုင်းအတွေ့အကြုံအရ မိမိတို့နိုင်ငံကို တည်ဆောက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ်တစ်ခုတည်းနှင့် မပြည့်စုံဘဲ တိုင်းရင်းသားအားလုံးပေါင်းစည်းနေထိုင်ပြီး အခွင့်အရေးမျှဝေခံစားနိုင်သည့် ပြည်ထောင်စုစနစ်တည်ဆောက်သွားခြင်းသည် မိမိတို့နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်) ၂.၁၂.၂၀၂၂

## ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံများကို တိုက်ရိုက်ထုတ်လွှင့်မည်

၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပပုံများကို မတ် ၂၇ ရက်**(ယနေ့)** နံနက် ၄ နာရီ ၄၅ မိနစ်မှစ၍ MRTV HD Channel၊ MWD HD Channel နှင့် MWD Variety HD Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများကို လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

**ယနေ့ထုတ် ရတနာပုံနေ့စဉ်သတင်းစာတွင် (၇၈)နှစ်မြောက် တပ်မတော်နေ့အထူးထုတ် အချပ်ပို (၄)မျက်နှာပါရှိသည်။**

# ကမြောကင်းတံတားကြီးတည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများအပြင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေမည်ဖြစ်



ထားဝယ်မြို့ ထားဝယ်-ကမြောကင်း-လောင်းလုံးလမ်းပေါ်ရှိ ကမြောကင်းတံတားသစ်ကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၂၆**

ပြည်သူများ သွားလာရေးလွယ်ကူအဆင်ပြေစေရန်နှင့်လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထားဝယ်မြို့ ထားဝယ်-ကမြောကင်း-လောင်းလုံးလမ်းပေါ်ရှိ ကမြောကင်းတံတားသစ်တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄)က ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှစတင်၍ တာဝန်ယူတည်ဆောက်လျက်ရှိရာ ၂၀၂၃ ခုနှစ် မတ် ၁၅ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် ယနေ့နံနက်ပိုင်းတွင် ကမြောကင်းတံတားသစ် ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊

**စာမျက်နှာ ၁၇ ကော်လံ ၂ ☆**



# ရတနာပုံ

အထူးထုတ်

yadanabonnews.com


၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၅) ရက် ၊ တနင်္လာနေ့ ၊ (၂၇-၃-၂၀၂၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ၂၀၂၃ ခုနှစ် (၇၈) နှစ်မြောက်

# တပ်မတော်နေ့



## (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုပါ၏

# (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး၊

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး၊

(ဂ) နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး၊

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး၊









**တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်**